ဆယ်ကျော်သက်နှင့်လူငယ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အမျိုးသားအဆင့်စံနှုန်းများနှင့် လမ်းညွှန်စည်းမျဉ်းများ

ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

၂၀၁၃

မာတိကာ

၁။ နိဒါန်း ---------- ၁

အဓိပ္ပါယ်ဖွင့်ဆိုချက် ---------- ၁

နောက်ခံအကြောင်းအရာ ---------- ၁

ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နည်းဥပဒေသများ ---------- ၆

သက်ဆိုင်သူများနှင့် အကြောင်းရင်းများကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ချက် ---------- ၇

စံနှုန်းများ သတ်မှတ်ရခြင်းအကြောင်းရင်း ---------- ၇

စံနှုန်းများအတိုင်း လိုက်နာနိုင်ရန် မည်သို့ တိုးတက်လုပ်ဆောင်မည်နည်း ---------- ၈

၂။ စောင့်ရှောက်မှုစံနှုန်းများ ---------- ၉

စံနှုန်း ၁ ---------- ၉

စံနှုန်း ၂ ---------- ၁၀

စံနှုန်း ၃ ---------- ၁၃

စံနှုန်း ၄ ---------- ၁၅

၃။ ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးလမ်းညွှန် ---------- ၁၉

အရည်အသွေး စံနှုန်း ၁ ပြည့်မီရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ ---------- ၂၀

အရည်အသွေး စံနှုန်း ၂ ပြည့်မီရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ ---------- ၂၀

အရည်အသွေး စံနှုန်း ၃ ပြည့်မီရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ ---------- ၂၂

အရည်အသွေး စံနှုန်း ၄ ပြည့်မီရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ ---------- ၂၃

နောက်ဆက်တွဲ။

ဆယ်ကျော်သက်နှင့် လူငယ်မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ခြင်း လုပ်ငန်းစဉ် ---------- ၂၄

၁။ နိဒါန်း

အဓိပ္ပါယ်ဖွင့်ဆိုချက်

ဆယ်ကျော်သက်ဆိုသည်မှာ အသက် ၁၀ နှစ်မှ ၁၉ နှစ် အတွင်းရှိ လူငယ်များဖြစ်ပါသည်။ ဆယ်ကျော်သက်အရွယ်ဆိုသည်မှာ လူတစ်ယောက်၏ ခန္ဓာကိုယ်တွင် အရေးကြီးသော ပြောင်းလဲမှုများ ဖြစ်ပေါ်သည့် အချိန်ကာလတစ်ခုဖြစ်ပါသည်။ ထိုအချိန်ကာလ အပိုင်းအခြားတွင် ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ ဖြစ်ပေါ်သည့်အပြင် လူမှုအဖွဲ့အစည်းအတွင်း ဝင်ဆံ့နိုင်မှု အနေအထားများလည်း ပြောင်းလဲလာပါသည်။ ထိုအခြေအနေအချိန်အခါတွင် ဆယ်ကျော်သက် လူငယ်များသည် အပြုသဘောဆောင်၍ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံကို ပြောင်းလဲပြုမူနေထိုင်တတ်အောင် သင်ယူလေ့လာရန် လိုအပ်ပါသည်။ ထိုအချိန်ကာလသည် အခွင့်အလမ်းများစွာ ပေါ်ထွန်းသည့်ကာလဖြစ်သလို အန္တရာယ်များ ကျရောက်နိုင်သည့်ကာလလည်း ဖြစ်ပါသည်။ ထိုကာလတွင် လူငယ်များသည် မိမိတို့၏ ဘဝတလျှောက်လုံးအပေါ် အကျိုးသက်ရောက်နိုင်သော ရွေးချယ်မှုပေါင်းများစွာကို ပြုလုပ်ရပါသည်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘဝကို အထောက်အပံ့ပြုနိုင်သော ရွေးချယ်မှုများနှင့် အလေ့အထများကို ပြုစုပျိုးထောင်နိုင်သလို ကျန်းမာရေးကို ထိခိုက်စေပြီး ဘဝကိုနစ်မွန်းစေသော အရာများကိုလည်း ပြုလုပ်နိုင်ပါသည်။ ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများသည် ဆယ်ကျော်သက်နှင့် လူငယ်များ၏ လက်ငင်းကြုံတွေ့နေရသည့် ကျန်းမာရေးပြဿနာများကို ချက်ချင်း ကူညီဖြေရှင်းပေးရန် လိုအပ်သကဲ့သို့ လူ့ဘဝ၏ နောက်ပိုင်းကာလများတွင် မှန်ကန်သည့်ရွေးချယ်မှုများပြုလုပ်နိုင်ရန်အတွက် လိုအပ်သည့် အသိပညာဗဟုသုတနှင့် သတင်းအချက်အလက်များကိုလည်း ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးတွင် အသက် (၁၀နှစ်မှ ၁၉နှစ်) အပိုင်းအခြားကို ဆယ်ကျော်သက်များ၊ အသက် (၁၅နှစ်မှ ၂၄နှစ်) အပိုင်းအခြားကို လူငယ်များဟု သတ်မှတ်ထားကြရာ အသက် ၁၀နှစ် မှ ၂၄နှစ် အပိုင်းအခြားအတွင်း ရှိသူများအားလုံးကို လူငယ်လူရွယ်များအဖြစ် ပေါင်းစပ်ခေါ်ဝေါ် သတ်မှတ်ပါသည်။

နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံ၏ လူဦးရေစုစုပေါင်းသည် သန်းခြောက်ဆယ်ရှိသည်ဟု ခန့်မှန်းတွက်ချက်ထားပြီး နှစ်စဉ်လူဦးရေတိုးနှုန်းသည် ၂၀၀၉ခုနှစ်တွင် ၁. ၂၉ရာခိုင်နှုန်း ရှိပါသည်။ လူဦးရေ၏ ၆၀ရာခိုင်နှုန်း နီးပါးသည် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ပြီး ၁၀နှစ်မှ ၂၄နှစ် အတွင်း လူငယ်များမှာ ၂၈ရာခိုင်နှုန်းခန့် သို့မဟုတ် ၁၆သန်း ရှိပါသည်။ လူငယ်အရေအတွက်သည် ၂၀၀၁-၀၂ခုနှစ်တွင် ဝ. ၆ရာခိုင်နှုန်း၊ ၂၀၀၄-၀၅ ခုနှစ်တွင် ဝ. ၉ရာခိုင်နှုန်း နှင့် ၂၀၀၇ခုနှစ်တွင် ယခင်နှစ်ကထက် ၃. ၈ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ရာ လူငယ်ဦးရေတိုးနှုန်း မြင့်မားလာမှုကို ညွှန်ပြနေပါသည်။ ဆယ်ကျော်သက်နှင့် လူငယ်အများစုသည် ကျန်းမာသန်စွမ်းပြီး ကလေးငယ်များ၊ လူကြီးများနှင့် နှိုင်းယှဉ်လျှင် သေဆုံးနှုန်းနှင့် နာမကျန်းဖြစ်မှုနှုန်း နည်းပါးသည်ကို တွေ့ရပါသည်။

ဆယ်ကျော်သက်နှင့် လူငယ်အများစုကလည်း မိမိကိုယ်မိမိ ကျန်းမာသည်ဟု ယုံကြည်ကြပါသည်။

၁၉၉၈ခုနှစ်တွင် ရန်ကုန်မြို့ရှိ ကိုယ်ဝန်ဆောင်မှုစုစုပေါင်း၏ ၈. ၉ရာခိုင်နှုန်းသည် ဆယ်ကျော်သက်ကိုယ်ဝန်များ ဖြစ်ကြောင်းကို “မြန်မာနိုင်ငံရှိ ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေးအကြောင်း တစေ့တစောင်း” အစီရင်ခံစာ၌ တင်ပြထားသည်။ ကိုယ်ဝန်ဆောင်မှုအများစုမှာ အိမ်ထောင်ရှင်

အမျိုးသမီးများတွင် ဖြစ်နိုင်ပါသည်။ သို့သော် မလိုချင်ဘဲကိုယ်ဝန်ရရှိမှုများမှာမူ အိမ်ထောင်မရှိသော မိန်းကလေးများနှင့် အမျိုးသမီးငယ်များတွင် ဖြစ်နိုင်ခြေများနေပါသည်။ အဘယ်ကြောင့်ဆိုသော် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုအများစုသည် အိမ်ထောင်ရှင်အမျိုးသမီးများကိုသာ ဦးတည်နေခြင်းကြောင့်ဖြစ်သည်။ သားဆက်ခြားစောင့်ရှောက်မှု လုပ်ငန်းလိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသည့်အပြင် မလိုချင်ဘဲရရှိသည့် ကိုယ်ဝန်အများစုသည် ဖျက်ချခြင်းဖြင့် အဆုံးသတ်သွားလေ့ ရှိပါသည်။ ၂၀၀၇ခုနှစ် မျိုးဆက်ပွားနိုင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး စစ်တမ်းအရ အသက် ၁၅နှစ်မှ ၁၉နှစ် အတွင်း ဆယ်ကျော်သက်များ၏ ကိုယ်ဝန် ၁၁.၃၉ ရာခိုင်နှုန်းသည် ဖျက်ချခြင်းဖြင့် အဆုံးသတ်ခဲ့ပြီး၊ ၎င်းနောက် အမြင့်ဆုံး ကိုယ်ဝန်ဖျက်ချသည့်နှုန်း ၉ရာခိုင်နှုန်းသည် ပညာတတ်တက္ကသိုလ်ကျောင်းသူများတွင် ဖြစ်ပွားနေပါသည်။ ဤသည်မှာ ဆယ်ကျော်သက်များနှင့်တက္ကသိုလ်ကျောင်းသားများအတွက် မျိုးဆက်ပွားကျန်းမာရေးပညာပေးနှင့် သားဆက်ခြား စောင့်ရှောက်မှုလုပ်ငန်းများကို ဦးတည်ဆောင်ရွက်ပေးသင့်သည့် ခိုင်လုံသော အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။

ဆယ်ကျော်သက်နှင့်လူငယ်များကြားတွင် လုံလောက်သော အသိပညာဗဟုသုတ မရှိသေးပါ။ ဥပမာအားဖြင့် ၂၀၀၄ခုနှစ် မိသားစုနှင့်လူငယ်စစ်တမ်းတွင် ၆၆ရာခိုင်နှုန်းသော အမျိုးသမီးများသည် ရာသီသွေးပေါ်နေချိန်အတွင်း လိင်ဆက်ဆံမှုပြုမည်ဆိုလျှင် ကိုယ်ဝန်ရရှိနိုင်သည်ဟု ထင်မှတ်ကြကြောင်း တင်ပြထားပါသည်။ ၃၈ရာခိုင်နှုန်းထက် မနည်းသော အမျိုးသမီးများကမူ "အမျိုးသမီးတစ်ယောက်သည် တစ်ကြိမ်တစ်ခါ လိင်ဆက်ဆံမှုပြုမိရုံဖြင့် ကိုယ်ဝန်ရရှိသွားနိုင်ကြောင်း"ကို မသိရှိကြပါ။ တစ်ကြိမ်တစ်ခါမျှ အိမ်ထောင်ပြုဖူးခြင်းမရှိသည့် အမျိုးသမီးများ၏ ၁၁ရာခိုင်နှုန်းမျှလောက်ကသာ ဓမ္မတာစက်ဝန်း၏ အလယ်ရက်များသည် အမျိုးသမီးတစ်ယောက်အနေဖြင့် ကိုယ်ဝန်ရနိုင်ခြေအရှိဆုံး ကာလအဖြစ် မှန်မှန်ကန်ကန်သိရှိထားကြပါသည်။ ၁၅နှစ်မှ ၂၄နှစ်အတွင်း အိမ်ထောင်ရှင်သို့မဟုတ် အိမ်ထောင်ပြုခဲ့ဖူးသူ အမျိုးသမီးများ၏ ၃၀ရာခိုင်နှုန်းခန့်သည် သွေးအားနည်းခြင်း ဆိုသည်ကို တစ်ကြိမ်တစ်ခါမျှ ကြားသိဖူးခြင်းမရှိကြပါ။ သားဆက်ခြားခြင်းနှင့်ပတ်သက်၍လည်း နားလည်သိရှိမှု များစွာလိုအပ်နေပါသေးသည်။ အဘယ်ကြောင့်ဆိုသော် အသက်၁၅နှစ်မှ ၁၉နှစ်ကြား အမျိုးသမီးငယ်များ၏ ၂၀ရာခိုင်နှုန်းသည် သားဆက်ခြားခြင်းအကြောင်းကို ကြားသိဖူးခြင်းမရှိကြဘဲ အရေးပေါ် ပဋိသန္ဓေတားဆေးအကြောင်း ကြားဖူးသူမှာလည်း ၁၇ရာခိုင်နှုန်းသာ ရှိပါသည်။ ရာသီသွေး မမှန်ခြင်းသည် အဖြစ်များသော ပြဿနာတစ်ရပ်ဖြစ်ပြီး ထိုကိစ္စအတွက် စိုးရိမ်ပူပန်မှုများစွာ ဖြစ်ပေါ်တတ်ကြပါသည်။ ထိုပြဿနာအတွက် မိန်းကလေးအများစုသည် မိခင်များထံမှ အကူအညီ တောင်းခံတတ်ကြသဖြင့် မိန်းကလေးများနှင့်အတူ ၎င်းတို့၏မိခင်များအား ပညာပေးမှုများ ပိုမိုပြုလုပ်ရန် လိုအပ်နေပါသည်။

ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးထားမှုများ၏ အကျိုးသက်ရောက်မှု - မြန်မာ့ယဉ်ကျေးမှုအရလက်မထပ်ခင် အတူနေခြင်းကို အလွန်မှားယွင်းသည့်အပြုအမူတစ်ရပ်အဖြစ်လက်ခံသတ်မှတ်ထားပါသည်။ လူငယ်များအား ၎င်းတို့၏ ဘဝတစ်လျှောက်လုံး နောင်တရစေမည့်အမှားမျိုး မကျူးလွန်မိအောင် ကာကွယ်ပေးရန် ထိုအချက်က များစွာအထောက်အကူပြုပါသည်။ သို့သော် ကမ္ဘာ့အခြားနေရာ ဒေသများတွင် ဖြစ်လေ့ဖြစ်ထရှိသကဲ့သို့ပင် ထိုသတ်မှတ်ချက်သည် လူတိုင်းအတွက် တပြေးညီသတ်မှတ်ထားခြင်းမျိုး မဟုတ်ပေ။ လက်မထပ်ခင် အတူနေခြင်းကို မိန်းကလေးများပြုလုပ်ခဲ့သော်လည်း ယောကျ်ားလေးများကြားတွင် ပိုမို ပြုလုပ်နေပုံရပါသည်။ ရပ်ရွာလူထုကလည်း မိန်းကလေးများထက် ယောကျ်ားလေးများကို ပိုမို ခွင့်လွှတ်နိုင်သည့် စိတ်သဘောထားမျိုး ရှိနေပါသည်။ ထိုအချက်ကြောင့် အိမ်ထောင်မရှိသည့် အမျိုးသမီးများအဖို့ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာရပ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုခံယူရရှိရန် အထူးခက်ခဲစေပါသည်။

မျိုးဆက်ပွားကျန်းမာရေးနှင့် သားဆက်ခြားခြင်းများအကြောင်း ပြောဆိုခြင်းဖြင့် ဆယ်ကျော်သက်နှင့် လူငယ်များသည် လိင်မှုဆိုင်ရာကိစ္စများတွင် ပိုမိုစိတ်ဝင်စားလာပြီး စမ်းသပ်ပြုလုပ်လာမည်ကို စိုးရိမ်ကြခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးခြင်းများ ပြုလုပ်ရန်အတွက် အတားအဆီးတစ်ခု ဖြစ်သည်။

လူငယ်များအနေဖြင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများပေါ် အခြေခံကာ သားဆက်ခြားခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်လာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ လိင်မှုကိစ္စများကို လုံးဝရှောင်ကြဉ်ရန် ပညာပေးခြင်းသည် ထိရောက်မှုမရှိလှကြောင်း လေ့လာသုံးသပ်ချက်များအရသိရှိရပါသည်။ ထို့ကြောင့် အစီအစဉ်အများစုသည် (အနည်းဆုံး သီအိုရီအရ) လူငယ်များအား လိင်ကိစ္စများတွင် အန္တရာယ်ကင်းစေရန်အတွက် သတင်းအချက်အလက်များကို ပံ့ပိုးပေးကာ ၎င်းတို့အား ရွေးချယ်ခွင့်များ ပေးကြရပါမည်။ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး/အိတ်ချ်အိုင်ဗီ ပညာပေးမှုတစ်ခုတည်းဖြင့် ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှု သို့မဟုတ် ကာလသားရောဂါ၊ အိတ်ချ်အိုင်ဗီနှင့် အေအိုင်ဒီအက်စ် ကူးစက်ပျံ့နှံ့မှုကို လုံးဝတားဆီး ကာကွယ်ပေးနိုင်မည် မဟုတ်ပါ။ ဤသည်မှာလည်း အံ့ဩဖွယ်ရာမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူငယ်များ နေထိုင်ကျင်လည်ရသော ပတ်ဝန်းကျင်သည် ရှုပ်ထွေးကာ အကြောင်းအချက်များစွာ ရောနှောယှက်နွယ်နေပြီး ကျား မ လူမှုဘဝအခြေအနေများ၊ ဆင်းရဲနွမ်းပါးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်မှုကဲ့သို့သော ပိုမိုကျယ်ပြန့်သည့် အကြောင်းကိစ္စရပ်များက ၎င်းတို့၏ အမူအကျင့်များအပေါ် လွှမ်းမိုးသက်ရောက်နေပါသည်။ သို့သော် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေး/အိတ်ချ်အိုင်ဗီ ပညာပေးလုပ်ငန်းများကို သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ ပြုလုပ်ဆောင်ရွက်ပါက လူငယ်များ၏ ကျန်းမာရေးအတွက် ကြီးမားသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်မှာ ထင်ရှားလှပါသည်။

စောစီးစွာ အိမ်ထောင်ပြုခြင်း - မြန်မာနိုင်ငံတွင် အိမ်ထောင်ပြုသည့် အသက်အရွယ်သည် ယေဘုယျအားဖြင့် မြင့်မားသည်ဟု ဆိုနိုင်သော်လည်း အချို့နေရာဒေသများတွင် စောစီးစွာအိမ်ထောင်ပြုခြင်းများ ရှိနေဆဲဖြစ်သည်။ စောစီးစွာအိမ်ထောင်ပြုခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများမှာ-

- **သွေးအားနည်းခြင်း** - ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရသွေးအားနည်းခြင်းသည် ဆယ်ကျော်သက် အရွယ်မိခင်များတွင် အသက်အရွယ် ပိုမိုကြီးသူများထက် နှစ်ဆပိုမိုဖြစ်ပွားကြောင်း သိရှိရသည်။
- **လမစေ့မီ မီးဖွားခြင်း** - ဆယ်ကျော်သက်အရွယ်မိခင်များမှ မွေးဖွားလာသော မွေးကင်းစကလေးများသည် လမစေ့ခြင်း၊ ပေါင်မပြည့်ခြင်းနှင့် သန္ဓေသားဘဝတွင် ဖွံ့ဖြိုးမှုနှေးကွေးခြင်း စသော နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရနိုင်ခြေ ပိုမိုများပြားပါသည်။
- **အလိုအလျောက် သားပျက်သားလျှောခြင်းနှင့် အသေမွေးဖွားခြင်း** - အသက် ၁၅နှစ် အောက် ဆယ်ကျော်သက်များတွင် အလိုအလျောက် သားပျက်သားလျှောခြင်းနှင့် ကလေးအသေ မွေးဖွားခြင်းများကို အရွယ်ရောက်ပြီးသူမိခင်များထက် ပိုမိုကြုံတွေ့ ခံစားရနိုင်ပါသည်။
- **မိခင်နှင့် ကလေးသေဆုံးမှု** - မိခင်သေဆုံးမှုသည် အရွယ်ရောက်ပြီးသူမိခင်များမှာထက် ဆယ်ကျော်သက်များတွင် ပိုမိုမြင့်မားပါသည်။ ဆယ်ကျော်သက်မိခင်များမှ မွေးဖွားလာသော ကလေးများ၏ မွေးပြီး ပထမတစ်နှစ်အတွင်း သေဆုံးနှုန်းသည် လူကြီးမိခင်များမှမွေးသော ကလေးများထက် ပိုမိုမြင့်မားပါသည်။

အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် - မြန်မာနိုင်ငံသည် အာရှတိုက်တွင် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ရောဂါ၏ ဝန်ထုပ်ဝန်ပိုးအမြင့်မားဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပါသည်။ အသက် ၁၅နှစ်မှ ၂၄နှစ် အတွင်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများကြား အိတ်ချ်အိုင်ဗီ ဖြစ်ပွားမှုနှုန်းမှာ ၁. ၀၁ရာခိုင်နှုန်း ဖြစ်ပါသည်။ ပြည့်တန်ဆာနှင့် လိင်တူဆက်ဆံသော အမျိုးသားများကဲ့သို့သော အချို့လူအုပ်စုများကိုကြည့်လျှင် ထိုအုပ်စုအတွင်းရှိ လူငယ်များကြား၌ အိတ်ချ်အိုင်ဗီ ဖြစ်ပွားမှုနှုန်းမှာ အမြင့်မားဆုံး ဖြစ်နေပါသည်။ ဆယ်ကျော်သက်များကြားတွင် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အသိပညာဗဟုသုတများ အလွန်နည်းပါးလျက် ရှိနေပါသေးသည်။ ၂၀၀၇ခုနှစ် အမူအကျင့်စောင့်ကြည့် လေ့လာမှုစစ်တမ်း အစီရင်ခံစာအရ အိတ်ချ်အိုင်ဗီကာကွယ်ရန် နည်းလမ်းသုံးမျိုးကို လူငယ်များ၏ ၃၇. ၇ ရာခိုင်နှုန်းကသာ သိရှိပြီးအတွေ့ရများသော အိတ်ချ်အိုင်ဗီကာကွယ်မှုဆိုင်ရာ အယူအဆမှားများကို မှန်မှန်ကန်ကန်ငြင်းဆန်နိုင်သောလူငယ်များမှာ၄၇. ၅ရာခိုင်နှုန်းသာ ရှိပါသည်။ အမျိုးသမီးများတွင် အမျိုးသားများထက် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် ဗဟုသုတ ပိုမိုနည်းပါးပြီး အသက် ၁၅နှစ်နှင့် ၂၄နှစ်ကြား အမျိုးသမီးငယ်များသည် အိတ်ချ်အိုင်ဗီကာကွယ်ရေးဆိုင်ရာ ပညာပေးခံရမှု အနည်းဆုံး ဖြစ်ကြောင်း တွေ့ရပါသည်။ ကွန်ဒုံးသုံးစွဲမှုအပေါ် အဆိုးမြင်မှုများသည် နိုင်ငံအဆင့် ကြိုးပမ်းဆောင်ရွက်မှုများကို အဟန့်အတားဖြစ်စေပါသည်။ ကွန်ဒုံးကို ဂုဏ်သိက္ခာမဲ့သည့် ဆက်ဆံပတ်သက်မှုများ၊ ပြည့်တန်ဆာလုပ်ငန်းများနှင့် တွဲဖက်မြင်တတ်ကြသဖြင့် လူငယ်များအဖို့ ကွန်ဒုံးကို လက်လှမ်းမီ သုံးစွဲခွင့်ရရှိရေး အခက်ကြုံစေပါသည်။

အရက်သေစာသောက်စားခြင်း - မကြာသေးခင်က ပြုလုပ်ခဲ့သော ကျန်းမာရေးဦးစီးဌာန၏ ဆယ်ကျော်သက်ကျန်းမာရေး လေ့လာသုံးသပ်မှုတွင် လူငယ်အများအပြားသည် အရက်သေစာ သောက်သုံးနေကြသည်ဟု ဖော်ပြထားပြီး၊ သောက်သုံးသည့်ပမာဏနှင့် အကြိမ်အရေအတွက်ကိုမူ ဖော်ပြထားခြင်း မရှိပေ။ လွန်ခဲ့သည့် ရက်ပေါင်း ၃၀ကာလအတွင်း အရက်သေစာသောက်သုံးခဲ့သည်ဆိုသည့် ကျောင်းသားများမှာ ၁ရာခိုင်နှုန်းထက် နည်းပါးကြောင်း စာသင်ကျောင်းများကို အခြေခံသော ၂၀၀၉ခုနှစ်ကမ္ဘာလုံးဆိုင်ရာ ကျောင်းကျန်းမာရေးစစ်တမ်းက တင်ပြထားပါသည်။ အရက်သေစာ သောက်သုံးမှုနှုန်းကို ခန့်မှန်းတွက်ချက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးရှိလူဦးရေကို အခြေခံသော ကိန်းဂဏန်းအချက်အလက်များ မရှိသေးပါ။ သို့သော် မြို့ပေါ်တွင် ဘီယာဆိုင်များ၊ ကျေးလက်တောရွာများတွင် အရက်ဆိုင်များ အလွယ်တကူ လက်လှမ်းမီရရှိနိုင်ခြင်းကြောင့် အရက်သေစာ သောက်စားမှုများ တိုးတက်များပြားလာနေခြင်းကို မျက်မြင်ကြားသိ ကြုံတွေ့နေမှုများအရ သိရှိနိုင်ပါသည်။

ဆေးရွက်ကြီး - မြန်မာနိုင်ငံတွင် ဆေးရွက်ကြီးသုံးစွဲမှုကို လူမှုရေးနှင့် ယဉ်ကျေးမှုအရ ဟိုးရှေးယခင်ကတည်းက လက်ခံထားပြီးဖြစ်ပါသည်။ ၂၀၀၁ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပြုလုပ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ လူငယ်များဆေးရွက်ကြီးသုံးစွဲမှုစစ်တမ်းတွင် မြန်မာနိုင်ငံရှိ လူငယ်ငါးဦးတွင် တစ်ဦးသည် ဆေးရွက်ကြီးကို ပုံစံတစ်မျိုးမျိုးဖြင့် သုံးစွဲလျက်ရှိသည်ဟု ဖော်ပြပါရှိပါသည်။ ထို့ပြင် လူငယ်အများစုသည် ကွမ်းစားသည့်အလေ့အထ ရှိနေပြီး ကွမ်းစားခြင်းနှင့်ဆက်စပ်သည့် ခံတွင်းကျန်းမာရေးဆိုင်ရာ လေ့လာမှုများမှာမူ ယခုထိ မရှိသေးပါ။

အာဟာရ - ၂၀၀၂ခုနှစ်တွင် ဗဟိုအမျိုးသားအာဟာရဌာနမှ ဆယ်ကျော်သက် ကျောင်းသားလူငယ်များ၏ အာဟာရအခြေအနေကိုလေ့လာသော လေ့လာမှုတစ်ခုပြုလုပ်ခဲ့ရာ ယောကျ်ားလေး ၃၇. ၆ ရာခိုင်နှုန်းနှင့် မိန်းကလေး ၄၀. ၃ရာခိုင်နှုန်းတွင် ဖွံ့ဖြိုးထွားကြိုင်းမှု ရပ်တန့်နေသည်ကို တွေ့ရှိရကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ မကြာသေးခင်က ပြုလုပ်ခဲ့သော စစ်တမ်းများကလည်း မျိုးဆက်ပွားနိုင်သော အသက်အရွယ်အတွင်း (၁၅နှစ် မှ ၄၉နှစ်) ရှိ ကိုယ်ဝန်ဆောင်မဟုတ်သော အမျိုးသမီးများ၏ ၄၅ရာခိုင်နှုန်း (၂၀၀၁ခုနှစ်) နှင့် ဆယ်ကျော်သက် ကျောင်းသူလေးများ၏

၁၁ရာခိုင်နှုန်းသည် သွေးအားနည်းကြောင်း တွေ့ရှိရသဖြင့် သွေးအားနည်းခြင်းသည် တိုင်းပြည်အတွက် အရေးကြီးသောပြဿနာတစ်ရပ်ဖြစ်နေပြီဖြစ်ကြောင်း ထိုစစ်တမ်းများအရသိရှိနိုင်ပါသည်။ ဆယ်ကျော်သက်အများစုသည် သွေးအားနည်းခြင်း၏ လက္ခဏာများ (ဖြူဖတ်ဖြူလျော်ဖြစ်ခြင်း၊ မူးဝေတတ်ခြင်း) ကို သိရှိကြသော်လည်း ၎င်း၏ ရေရှည်တွင်ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများကိုမူ မသိရှိကြပါ။

ဆယ်ကျော်သက်များ၏ စိတ်ကျန်းမာရေး - နှစ်စဉ် ဆယ်ကျော်သက်များ၏ ၂၀ရာခိုင်နှုန်းခန့်သည် စိတ်ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်နေရသည်ဟု ခန့်မှန်းရပါသည်။ အတွေ့ရများသော ပြဿနာများမှာ စိတ်ကျဝေဒနာနှင့် အခြားသော စိတ်ခံစားမှုပြဿနာများဖြစ်သည်။ စိတ်ကျန်းမာရေးစီမံကိန်းကို ၂၀၀၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ကျောင်းသားကျောင်းသူများ၏ စိတ်ဖိစီးမှုကို စောင့်ရှောက်ကုသမှုလုပ်ငန်း တစ်စိတ်တစ်ဒေသအဖြစ် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုတွင် ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်ခဲ့ပါသည်။ ကလေးများ၏ စိတ်ကျန်းမာရေးပြဿနာသည် ကလေးများကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုများအပြင် လူမှုအဖွဲ့အစည်းအတွက်ပါ ကြီးမားသော ဝန်ထုပ်ဝန်ပိုးအဖြစ် တည်ရှိနေသော်လည်း တိုင်းပြည်ရှိ ဆယ်ကျော်သက်များကြားတွင် ထိုပြဿနာ၏ အတိုင်းအဆ မည်မျှရှိသည်ကို ခန့်မှန်းနိုင်ရန်အတွက် သက်သေအထောက်အထား ခိုင်လုံသည့် သတင်းအချက်အလက်များ ယခုထိ မရှိသေးပါ။

ငှက်ဖျားနှင့် တီဘီရောဂါ - မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါသည် သေဆုံးမှုများနှင့် နာမကျန်း ဖြစ်မှုများ၏ အဓိကအကြောင်းရင်းတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။ နှစ်စဉ် ငှက်ဖျားရောဂါဝေဒနာရှင်ပေါင်း ၄၀၀,၀၀၀နီးပါးခန့် ရှိနေပါသည်။ သို့သော် အသက်အရွယ်အုပ်စုများအလိုက် ပိုင်းခြားပြထားသော ကိန်းဂဏန်းအချက်အလက်များကိုမူ မရရှိနိုင်သေးပါ။ နှစ်စဉ် တီဘီရောဂါ ဝေဒနာရှင်အသစ် ၁၄၀,၀၀၀ ခန့်ကို စစ်ဆေးတွေ့ရှိနေပြီး အနီးကပ်စောင့်ကြပ်ကြည့်ရှုမှုပေါင်း ၂၀ ပြုလုပ်ခဲ့ရာ တီဘီဝေဒနာရှင်များ၏ ခန့်မှန်းခြေ ၉ရာခိုင်နှုန်းသည် အိတ်ချ်အိုင်ဗီပိုးကိုပါ တွဲဖက်ကူးစက် ခံထားရသူများဖြစ်ကြောင်းကို သိရှိရပါသည်။ အေအိုင်ဒီအက်စ်ဝေဒနာရှင်များ၏ ၆၀ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းသည်လည်း တီဘီရောဂါကူးစက် ခံထားရပါသည်။ အသက်အပိုင်းအခြားအလိုက် ခွဲခြားပြထားသော ကိန်းဂဏန်းများအရ အသက် ၂၅နှစ်နှင့် ၄၄နှစ်ကြား အသက်အရွယ်အုပ်စုများတွင် အဖြစ်အများဆုံးဖြစ်ပြီး အသက်၁၅နှစ်နှင့် ၂၄နှစ်ကြား အသက်အရွယ်အုပ်စုများတွင် ကူးစက်ဖြစ်ပွားနှုန်းမှာ လူဦးရေ ၁၀၀,၀၀၀တွင် အယောက် ၅၀နှုန်း ဖြစ်ပါသည်။

ကျောင်းနေနိုင်မှုအခြေအနေ - မြန်မာနိုင်ငံတွင် ကျောင်းပြင်ပလူငယ်များသည်ထိခိုက်လွယ်မှုအရှိဆုံး လူအုပ်စုများထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းထွက်နှုန်းသည် ဒသမတန်းတွင် အမြင့်ဆုံး (၅၅. ၄ရာခိုင်နှုန်း) ဖြစ်သောကြောင့်ဖြစ်သည်။ ယခုလက်ရှိအချိန်တွင် ကျောင်းပြင်ပလူငယ်များသည် လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွားကျန်းမာရေးနှင့် ကာလသားရောဂါနှင့်ပတ်သက်သော အသိပညာဗဟုသုတများ နည်းပါးနေပါသည်။ ထိုလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများမှာလည်း အကန့်အသတ်ရှိနေပြီး ၉၀ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်နေကြပါသည်။ ထိုမျှသာမက ထိုလူငယ်များအတွက် သတင်းအချက်အလက်များ၊ အသိပညာပေးမှုများနှင့် စောင့်ရှောက်မှုများကို လက်လှမ်းမီမှုနည်းပါးခြင်းက ၎င်းတို့အား အိတ်အိုင်ဗီနှင့် အခြား မျိုးဆက်ပွားကျန်းမာရေး ပြဿနာများကြောင့် ထိခိုက်ခံစားရနိုင်ခြေ များပြားစေပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု ရယူပုံ အမူအကျင့်များ - လူငယ်အများစုသည် နာမကျန်းဖြစ်လျှင် မိမိကိုယ်တိုင် ဆေးဝယ်သောက်တတ်ကြပါသည်။ သို့သော် လူငယ်များသည် ပညာပိုတတ်လာလေ ကိုယ်ဝန်ရရှိမှု၊ ကာလသားရောဂါနှင့် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ခံရမှုတို့မှ ကာကွယ်ရန်အတွက် ငွေကြေး ပိုမိုသုံးစွဲလာလေ ဖြစ်ပါသည်။

ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အတွက်နည်းဥပဒေသများ

အထက်ဖော်ပြပါ အရေးကိစ္စများကို ဖြေရှင်းနိုင်ရန်နှင့် ဆယ်ကျော်သက်နှင့်လူငယ်များ၏ ကျန်းမာရေးကို တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနသည် အောက်ပါနည်းဥပဒေသများကို ချမှတ်ထား ပါသည်။

- လူငယ်များသည်လူငယ်အစီအစဉ်များအားလက်ခံလာပြီးပိုမိုအဆင်ပြေလွယ်ကူစွာအသုံးပြုနိုင်စေရန်အတွက် အစီအစဉ်ရေးဆွဲခြင်း၊ ပုံစံထုတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင် လူငယ်များကိုယ်တိုင် ပါဝင်ဆောင်ရွက်စေရပါမည်။
- နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍ တစ်ရပ်အနေဖြင့် လူငယ်များ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံရမည်။
- ကျန်းမာရေးကဏ္ဍသည်ကျန်းမာရေးစောင့်ရှောက်မှုများကိုအဓိကပံ့ပိုးပေးနေသည့်ကဏ္ဍတစ်ခုဖြစ်သည့်အားလျော်စွာ လူငယ်များ၏ကျန်းမာရေးနှင့် အမူအကျင့်များအား သတ်မှတ်ပြဋ္ဌာန်းသည့်အချက်များကို ကဏ္ဍစုံမှ ချဉ်းကပ်ကိုင်တွယ် ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သလို ပံ့ပိုးကူညီ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရပါမည်။
- ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် ကုသစောင့်ရှောက်မှုပေးခြင်းအား အထောက်အကူပြုရန်နှင့် ဝန်ဆောင်မှုများကို တစ်ပေါင်းတစ်စည်းတည်း ပိုမို ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆယ်ကျော်သက် ကျန်းမာရေးဖွံ့ဖြိုးမှုအစီအစဉ်များသည် အခြားသော အစီအစဉ်များဖြစ်သည့် မျိုးဆက်ပွားကျန်းမာရေး၊ အစားအစာနှင့်အာဟာရ၊ စိတ်ကျန်းမာရေး၊ ဒေသအလိုက်ဖြစ်ပွားသော ကပ်ရောဂါများ (တီဘီနှင့် ငှက်ဖျားရောဂါ)၊ အိတ်ချ်အိုင်ဗီနှင့် ကာလသားရောဂါ အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေရပါမည်။
- ကူညီပံ့ပိုးမှုရှိပြီး လုပ်ကိုင်နိုင်စွမ်းရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်း၊ မိသားစုနှင့် ရပ်ရွာလူထုစောင့်ရှောက်မှု၊ ရပ်ကွက်ကျေးရွာအတွင်း ကွင်းဆင်းဆောင်ရွက်မှု၊ ဆေးခန်းများဖွင့်လှစ်ကုသမှုကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းယန္တရား အသစ်များကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် အစီအစဉ်အသီးသီးနှင့် စောင့်ရှောက်မှုအဆင့်ဆင့်သည် အချိတ်အဆက်မိစွာ ပူးပေါင်းဆောင်ရွက်ကာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် ကုသစောင့်ရှောက်မှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်။ ဆိုလိုသည်မှာ ဆယ်ကျော်သက်များ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို သိရှိနားလည်လာစေရန် မိဘ၊ ဆရာ၊ ရပ်မိရပ်ဖနှင့် သက်ဆိုင်ရာလူကြီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော ဘဝနေထိုင်မှုပုံစံကို အားပေးမြှင့်တင်ရပါမည်။ ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များရရှိလာစေမည့် အခွင့်အလမ်းများကို ဖန်တီးပေးရပါမည်။ ကျန်းမာရေးနှင့်မညီညွတ်သော အခြေအနေ၊ အမူအကျင့်များနှင့် ထိတွေ့မှုကို လျော့နည်းအောင် ပြုလုပ်ရပါမည်။
- လက်ရှိအခြေခံကျန်းမာရေးစောင့်ရှောက်မှုစနစ်အား ပြန်လည်သုံးသပ်ကာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှစ၍ ၎င်း၏လက်အောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်ဆင့်တွင် ဆယ်ကျော်သက်များ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်သော စောင့်ရှောက်မှုများကို ထည့်သွင်းကာ စံအဖြစ် သတ်မှတ်ထားသော အရည်အသွေးများနှင့်အညီ ဝန်ဆောင်ပေးသွားရပါမည်။

သက်ဆိုင်သူများနှင့် အကြောင်းရင်းများကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း

ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေးဆိုင်ရာပြဿနာများသည် အဓိကအကြောင်းရင်းမြစ် လေးခုပေါ်တွင် အခြေခံဖြစ်ပေါ်ခြင်းဖြစ်ပြီး ထိုအကြောင်း တစ်ခုစီအတွက် ပါဝင်ပတ်သက်သူတစ်ဦးစီ ရှိနေပါသည်။

၁။ လူငယ်များသည် ကျန်းမာရေးနှင့် အနာရောဂါများအကြောင်း မှန်ကန်သည့် အသိပညာ ဗဟုသုတ မရှိကြပါ။ အကျိုးဆက်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို မှန်ကန်စွာ ရယူသုံးစွဲနိုင်ခြင်း မရှိကြပါ။

၂။ ရပ်ရွာလူထုသည် လူငယ်များ၏ ကျန်းမာရေးနှင့် အနာရောဂါများအကြောင်း သို့မဟုတ် လူငယ်များအား ကျန်းမာရေး စောင့်ရှောက်မှုများပေးရန် အရေးကြီးကြောင်းကို မှန်မှန်ကန်ကန် မသိရှိကြပါ။ လူငယ်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကိုလည်း ဝိုင်းဝန်းကူညီ ပံ့ပိုးခြင်း မရှိကြပါ။

၃။ ကျန်းမာရေးဝန်ထမ်းများတွင် လူငယ်များအား အရည်အသွေးမြင့်မားသော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် လိုအပ်သည့် အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများ နည်းပါးကြပါသည်။ ကျန်းမာရေးဝန်ထမ်းများသည် လူငယ်များနှင့် ဆက်ဆံပြောဆိုရာတွင်လည်း လေးစားမှုနည်းခြင်း၊ ပြစ်တင်တတ်ခြင်းတို့ကြောင့် လူငယ်များနှင့် ထိရောက်စွာ ပြောဆိုဆက်သွယ်ရန် အားနည်းပါသည်။

၄။ ကျန်းမာရေးဌာနများသည် လူငယ်များလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည့်စုံစွာ မပေးကြပါ။ ကျန်းမာရေးဌာနများတွင် လိုအပ်သည့်ဆေးဝါးပစ္စည်းများနှင့် လွှဲပြောင်းညွှန်းပို့မှုစနစ်များ စနစ်တကျမရှိပါ။ သွားလာရ လွယ်ကူမှုမရှိသည့် နေရာများတွင် တည်ရှိခြင်း၊ ဆေးခန်းဖွင့်လှစ်ချိန်သည် လူငယ်များ လာရောက်နိုင်သည့်အချိန်မျိုး မဟုတ်ခြင်း၊ လူငယ်များ တတ်နိုင်ခြင်းမရှိသည့်နှုန်းထားဖြင့် စောင့်ရှောက်မှုပေးခြင်း၊ နွေးထွေးစွာ ကြိုဆိုမှုမရှိခြင်း၊ လုံခြုံမှုနှင့် လျှို့ဝှက်ထိန်းသိမ်းပေးမှုတို့ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထိုပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်သူအားလုံးသည် ထောက်ပံ့ကူညီမှုနှင့် အားပေးမှုများ လိုအပ်နေပါသည်။

စံနှုန်းများသတ်မှတ်ရခြင်း အကြောင်းရင်း

ထိုစံနှုန်းများကို သတ်မှတ်ထားရှိခြင်းဖြင့် ဆယ်ကျော်သက်များ၏ကျန်းမာရေး တိုးတက်ကောင်းမွန်လာစေရန်အတွက် သက်ဆိုင်သူများအားလုံးမှ မည်သည်တို့ကို လုပ်ဆောင်ရန် လိုအပ်ကြောင်း သိရှိနိုင်မည်ဖြစ်သည်။ ထိုစံနှုန်းများက ရည်ရွယ်ချက်ကို ချမှတ်ပေးသည်။ စောင့်ရှောက်မှုလုပ်ငန်းများ၏ အရည်အသွေးကို အကဲဖြတ်သုံးသပ်နိုင်ရန် လိုအပ်သည့် အခြေခံများကိုပေးသည်။ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ ရေးဆွဲနိုင်ရန် ကူညီပေးသည်။ တစ်နည်းအားဖြင့်ဆိုသော် ၎င်းတို့သည် အရည်အသွေးကို အဓိပ္ပါယ်ဖွင့်ဆိုရုံမက အရည်အသွေးကို တိုင်းတာရန်နှင့် အရည်အသွေး တိုးတက်စေရန် ကူညီသည်။ အကြောင်းရင်းခံလေးခုကို သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်သည်နှင့်အညီ ထိုအကြောင်းတစ်ခုစီနှင့် သက်ဆိုင်သူများ (လူငယ်များကိုယ်တိုင်၊ ရပ်ရွာလူထု၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ကျန်းမာရေးဌာနများ) အတွက် စံနှုန်းတစ်ခုစီထားရှိသဖြင့် ဤစံလမ်းညွှန်တွင် စံနှုန်းလေးခု ပါဝင်မည်ဖြစ်သည်။ စံနှုန်းတစ်ခုစီအတွက် သတ်မှတ်ချက်များ ရှိပါသည်။ ထိုသတ်မှတ်ချက်များသည် စောင့်ရှောက်မှု အရည်အသွေးကို မြင့်မားစေရန် လိုအပ်သည့်အခြေအနေများ ဖြစ်ပါသည်။ ဤ

စံလမ်းညွှန်တွင် ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေး စောင့်ရှောက်မှုအတွက် စောင့်ရှောက်မှု စံနှုန်းများကို သတ်မှတ်ပေးထားပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မည်သို့ စီစဉ်ဆောင်ရွက်ရန်လိုအပ်သည်၊ ဆေးခန်းများအနေဖြင့် ရပ်ရွာလူထုနှင့် မည်သို့ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်သည်၊ စသည်တို့ကို ဖော်ပြထားပါသည်။ ဆေးခန်း၊ ကျန်းမာရေးဌာန တာဝန်ခံများနှင့် ရပ်မိရပ်ဖများအတွက်လည်း လမ်းညွှန်မှုများ ပေးထားပါသည်။ ဤစံလမ်းညွှန်တွင် ဆယ်ကျော်သက်ကျန်းမာရေး ကုသစောင့်ရှောက်မှုစံနှုန်းများ ဟူသည့် တွဲဖက်စံလမ်းညွှန်တစ်ခု ရှိပါသေးသည်။ပြည့်မီအောင်ဆောင်ရွက်ရမည့်ဆေးပညာရပ်ဆိုင်ရာစံနှုန်းများပါဝင်ပါသည်။ဆေးကုသ စောင့်ရှောက်မှု ပေးသူများအတွက် လမ်းညွှန်ချက်များ ပါဝင်ပါသည်။

စံနှုန်းများအတိုင်း လိုက်နာနိုင်ရန် မည်သို့ တိုးတက်လုပ်ဆောင်မည်နည်း

ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ သုံးစွဲနိုင်သော အထောက်အကူပစ္စည်းနှင့် နည်းလမ်းများကို အောက်တွင် ဖော်ပြထားပါသည်။ *(ဆယ်ကျော်သက်နှင့် လူငယ်မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ခြင်း လုပ်ငန်းစဉ်ကို နောက်ဆက်တွဲတွင် ကြည့်ရန်)*

ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေး စောင့်ရှောက်မှုပေးနေသော ကျေးလက်ကျန်းမာရေး ဌာနများ အားလုံးသည် အရည်အသွေးမြှင့်တင်ရေးလုပ်ဆောင်ချက်များကို ပုံမှန်ပြုလုပ်သင့်ပါသည်။ သုံးလေးလ တစ်ကြိမ် လုပ်ဆောင်သွားရန် အကြံပြုလိုပါသည်။

၁။ ရပ်ကွက်ကျေးရွာအတွင်းမှ လူငယ်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျန်းမာရေးစောင့် ရှောက်မှုနှင့်ပတ်သက်၍ ၎င်းတို့၏အမြင်ကို မေးမြန်းပါ။

၂။ ကျန်းမာရေးဌာနမှ စောင့်ရှောက်မှုခံယူပြီးချိန်တွင် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပါ။ ထိုတွေ့ဆုံ မေးမြန်းမှုများသည် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို သုံးစွဲသူ၏ရှုထောင့်မှ တိုင်းတာရန် ပြုလုပ်ခြင်းဖြစ်ပါသည်။ ဤနည်းစနစ်သည် သုံးစွဲသူများ၏ အသိပညာဗဟုသုတနှင့် နားလည်သဘောပေါက်မှုတို့ကို ဓမ္မဓိဌာန်ကျကျ ပိုမိုသိရှိနိုင်ပြီး တိုးတက်မှုကိုလည်း ပိုမိုလွယ်ကူစွာ တိုင်းတာဆုံးဖြတ်နိုင်ပါသည်။

၃။ ကျန်းမာရေးစောင့်ရှောက်မှုများကိုလုပ်ငန်းလမ်းညွှန်များအတိုင်းဆောင်ရွက်ခြင်းရှိမရှိတာဝန်ရှိသူမှ ကြီးကြပ်စောင့်ကြည့်ပေးရပါမည်။ ကြီးကြပ်သူသည် စစ်ဆေးရန်အချက်အလက် ဇယား အချို့အား အသုံးပြုကာ ဆေးခန်းဖွင့်ချိန်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို စောင့်ကြည့်နိုင်ပါသည်။ ဆေးပညာရပ်ဆိုင်ရာ ကုသစောင့်ရှောက်မှု အရည်အသွေးအတွက် ကုသစောင့်ရှောက်မှုကိုစစ်ဆေးရန်စံအချက်အလက်ဇယားများ အသုံးပြုနိုင်ပြီး နှစ်သိမ့်ဆွေးနွေး အကြံပေးရာတွင် သင့်လျော်သည့်နည်းလမ်းများကို အသုံးပြုခြင်း ရှိ မရှိဆုံးဖြတ်နိုင်ရန်အတွက် နှစ်သိမ့်ဆွေးနွေး အကြံပေးမှုအား စစ်ဆေးရန်စံ အချက်အလက်ဇယားများကို အသုံးပြုနိုင်ပါသည်။

၄။ ထို့နောက် ဆေးခန်းမှဝန်ထမ်းများအားလုံး တွေ့ဆုံစည်းဝေးကာ မေးခွန်းများကိုဝိုင်းဝန်းဆွေးနွေး ဖြေကြားရပါမည်။ ထိုအစည်းအဝေးတွင် တွေ့ရှိရသည့် မည်သည့်ပြဿနာရပ်ကိုမဆို နောက်လာမည့် သုံးလေးလအတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်း ရေးဆွဲကာ ထိုပြဿနာကို ဖြေရှင်းနိုင်သည်ထိ ထိုအစီအစဉ်အား ပြီးမြောက်အောင် အကောင်အထည်ဖော်ရပါမည်။

၅။ *(ဆယ်ကျော်သက်နှင့် လူငယ်မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ခြင်း လုပ်ငန်းစဉ်ကို နောက်ဆက်တွဲတွင် ကြည့်ပါ။)*

၂။ စောင့်ရှောက်မှုစံနှုန်းများ

စံနှုန်း ၁ - လူငယ်များသည် ၎င်းတို့၏ အသက်အရွယ်၊ ပါဝင်သည့် အုပ်စုနှင့် ကိုက်ညီသည့် ကျန်းမာရေးဗဟုသုတများရှိရပါမည်။ လူငယ်များသည် ကျန်းမာရေးစောင့်ရှောက်မှုများကို မှန်ကန်သင့်လျော်စွာ ရယူနိုင်ပြီး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အားပေးကူညီကြရပါမည်။

ထိုစံနှုန်းပြည့်မီရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရပါမည်။

၂။၁။၁။ လူငယ်များသည် အသက်အရွယ်အလိုက် ရှိသင့်သည့် ဆယ်ကျော်သက်ကျန်းမာရေး ဗဟုသုတများ သိရှိရန် လိုအပ်ပါသည်။

၂။၁။၂။ လူငယ်များသည် မည်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိနိုင်ပြီး မည်သို့ ရယူနိုင်သည်ကို သိရှိရန် လိုအပ်ပါသည်။

၂။၁။၃။ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်အစီအစဉ် ရေးဆွဲခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ဆယ်ကျော်သက်များ တက်ကြွစွာ ပါဝင်ဆောင်ရွက်စေရမည်။ (ဥပမာ - ကျန်းမာရေးဌာနမှ တာဝန်ယူစောင့်ရှောက်မှုပေးနေသော နယ်မြေအတွင်းရှိ လူငယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း)

၂။၁။၁။ လူငယ်များတွင် ဆယ်ကျော်သက်ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ အဘယ်ကြောင့် လိုအပ်ပါသနည်း။

လူငယ်များတွင် မှန်ကန်သည့် အသိပညာဗဟုသုတများရှိပါက ကျန်းမာရေးပြဿနာအမျိုးမျိုးကို ဖြစ်ပေါ်နိုင်စေသည့် အပြုအမူများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ထို့ပြင် လူငယ်များတွင် ဆယ်ကျော်သက်ကျန်းမာရေးဆိုင်ရာဗဟုသုတများရှိခြင်းဖြင့် ပြဿနာများကို စောစီးစွာ သိရှိသတိပြုမိပြီး လိုအပ်သော စောင့်ရှောက်မှုကိုရယူကာ ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ လူငယ်များအဖို့ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် ထိုဗဟုသုတများ လိုအပ် ပါသည်။

ထိုသတ်မှတ်ချက်နှင့် ကိုက်ညီရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ရန် အကြံပြုထားပါသည်။

- ကျန်းမာရေးဌာနများတွင် နှစ်သိမ့်ဆွေးနွေးပညာပေးမှုများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်း
- လူငယ့်ရိပ်မြုံများနှင့် ထိတွေ့ပူးပေါင်းလက်တွဲ၍ သတင်းအချက်အလက်၊ ပညာပေးခြင်းနှင့် ဆက်သွယ်ရေး အထောက်အကူပစ္စည်းများ ပံ့ပိုးပေးခြင်း
- သက်ရွယ်ဆင့်တူပညာပေးသူများမှတဆင့် ပညာပေးခြင်း
- အရေးပေါ် တယ်လီဖုန်းလိုင်းများကို အသုံးပြုခြင်း
- ကျောင်းကျန်းမာရေးအစီအစဉ်များမှတစ်ဆင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း
- ဆယ်ကျော်သက်များအား ပညာပေးရန်အတွက် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ ချမှတ်ဖော်ဆောင်ပေးထားသော ပညာပေး ဆက်သွယ်ရေးလမ်းကြောင်းများကို အသုံးပြုခြင်း

- အခြားအစီအစဉ်များမှ သတင်းအချက်အလက်၊ ပညာပေးခြင်းနှင့် ဆက်သွယ်ရေး အထောက်အကူ ပစ္စည်းများကို ရယူအသုံးပြုရန်၊ ဥပမာ - အာဟာရလုံလောက်စွာ ရရှိရေး၊ ဆေးလိပ်သောက်သုံးမှုကင်းစင်ရေးအစီအစဉ်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအစီအစဉ်၊ စိတ်ကျန်းမာရေးအစီအစဉ် (အထူးသဖြင့် အရက်သေစာသောက်စားမှုလျှော့ချရေး စီမံချက်၊ ယာဉ်အန္တရာယ်ကင်းဝေးရေး ရက်သတ္တပတ်အစီအစဉ်)

၂။၁။၂။ လူငယ်များသည် မည်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိနိုင်ပြီး မည်သို့ ရယူနိုင်သည်ကိုသိရှိရန် အဘယ်ကြောင့် လိုအပ်သနည်း။

လူငယ်များသည် မည်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိနိုင်သည်ကို သိရှိပါက ပိုမိုအသုံးပြုနိုင်ခြေရှိပါသည်။ ထိုစံပြည့်မီ ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအကြောင်းကို အထူးသဖြင့် လူငယ်များသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးကြော်ငြာသင့်ပါသည်။ လူငယ်များအား ဆယ်ကျော်သက် ကျန်းမာရေးအကြောင်း ပညာပေးရန်နှင့် သတင်းအချက်အလက်ပေးရန် အသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများကိုပင် အသုံးပြုကာ ၎င်းတို့ရရှိနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အသိပေးနိုင်ပါသည်။

၂။၁။၃။ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် အစီအစဉ်ရေးဆွဲခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် ဆယ်ကျော်သက်များ တက်ကြွစွာပါဝင်ရန် အဘယ်ကြောင့် လိုအပ်သနည်း။

ကျန်းမာရေးစောင့်ရှောက်မှုများကို ပုံစံရေးဆွဲခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် လူငယ်များကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် စောင့်ရှောက်မှုလုပ်ငန်းများကို လူငယ်များ ပိုမိုလက်ခံလာနိုင်မည်၊ ၎င်းတို့အတွက် ပိုမိုသင့်တော်သော ဝန်ဆောင်မှုများကို ပေးနိုင်မည်၊ ၎င်းတို့အား ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် လူငယ်များ တက်ကြွစွာပါဝင်ခြင်းဖြင့် စောင့်ရှောက်မှုလုပ်ငန်းများပိုမိုလူသိများလာပြီး လာရောက်သုံးစွဲရန် ချိတုံချတုံဖြစ်မှုများကိုလည်း လျော့ပါးစေမည်ဖြစ်သည်။ ထို စံပြည့်မီရန်အတွက် လူငယ့်ရိပ်မြုံများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီး ရပ်ရွာလူထုကြားတွင် သတင်းအချက် အလက်များဖြန့်ဝေပေးမည့် ဆယ်ကျော်သက် အုပ်စုတစ်စုကို ဖွဲ့စည်းသင့်ပါသည်။ ဥပမာ လူငယ်များတွေ့ဆုံစုဝေးနိုင်မည့် နေရာများအား ခင်းကျင်းပြင်ဆင်မှုနှင့် စီမံခန့်ခွဲမှုများတွင် လူငယ်များကို အသုံးပြုခြင်း၊ ရပ်ရွာလူထုကြားတွင် သက်ရွယ်ဆင့်တူ ပညာပေးသူများကို အသုံးပြုခြင်း၊ ကျန်းမာရေးဌာနမှ စောင့်ရှောက်မှုခံယူပြီး ပြန်ထွက်လာသူများကို တွေ့ဆုံမေးမြန်းမှုနှင့် လူထုအား တွေ့ဆုံမေးမြန်းမှုများတွင် လူငယ်များအား အသုံးပြုခြင်းတို့ ဖြစ်ပါသည်။

စံနှုန်း ၂ - ရပ်ရွာလူထု (ဒေသခံအာဏာပိုင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ မိဘများ၊ ဆရာများနှင့် လူငယ်အသိုင်းအဝိုင်းပါဝင်သည်) သည် လူငယ်များ၏ ကျန်းမာရေး၊ လူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၏ တန်ဖိုးတို့ကို နားလည် သိရှိသဘောပေါက်ရမည်။ လူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကိုလည်း အားပေးကူညီ ထောက်ပံ့ရမည်။

ထိုစံနှုန်း ပြည့်မီရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရပါမည်။

၂။၂။၁။ ရပ်ရွာလူထုသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ဆယ်ကျော်သက်နှင့်လူငယ်များရရှိနိုင်မည့် အကျိုးကျေးဇူးများကို နားလည် သဘောပေါက်ပြီး အားပေးကူညီရမည်။

၂။၂။၂။ အချို့သော ကျန်းမာရေးစောင့်ရှောက်မှု၊ သတင်းအချက်အလက်နှင့် ဆေးဝါးပစ္စည်းများကို ရပ်ရွာအထိ သွားရောက် ပံ့ပိုးပေးရမည်။

၂။၂။၁။ ရပ်ရွာလူထုသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ဆယ်ကျော်သက်နှင့် လူငယ်များ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို နားလည်သဘောပေါက်ပြီး အားပေးကူညီရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ရပ်ရွာလူထုသည်လူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၏ အကျိုးကျေးဇူးများကို နားမလည်ပါက သို့မဟုတ် တန်ဖိုးကို မယုံကြည်ပါက ဆန့်ကျင်နိုင်ပါသည်။ စောင့်ရှောက်မှုလုပ်ငန်းများ၏ အသုံးဝင်ပုံ ကို နားလည်သိရှိပါက ၎င်းတို့၏သားသမီးများ စောင့်ရှောက်မှု ခံယူခြင်းကို ဟန့်တားမည်မဟုတ်ပါ။ ထိုအခါ ဆယ်ကျော်သက်များသည် ကျန်းမာရေးဝန်ဆောင်မှုများရယူရာတွင် ကဲ့ရဲ့ရှုတ်ချမှုများကို ကြောက်ရွံ့ ရန်မလိုဘဲ သုံးစွဲနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် မိဘများထံမှ လက်ခံနားလည်ပေးမှုကို ရရှိခြင်းဖြင့် လူငယ်များအနေဖြင့် ၎င်းတို့အိမ်တွင် နားလည်မှုပေးနိုင်သော မိဘများရှိသည်ဟူသော ခံစားချက်ကို ရရှိစေနိုင်ပါသည်။ အထူးသဖြင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သော ကိစ္စများတွင်ဤအချက်က ပို၍ မှန်ကန်ပါသည်။ ရပ်ရွာလူထုမှ အကျိုးကျေးဇူးများကို နားလည်သိရှိသွားပါက ကျောင်းများ၊ လူငယ့်ရိပ်မြုံများ၊ မိဘဆရာအသင်းများနှင့် ဆက်သွယ်လုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူစေပါသည်။ ထိုနေရာများအားလုံးသည် နောင်တွင် သတင်းအချက်အလက်များကို ဖြန့်ဝေပေးနိုင်မည့် နေရာများဖြစ်သည့်အတွက် စံနှုန်း ၁ ကို ပြည့်မီစေရန်လည်း အထောက်အကူပြုပါသည်။

ထိုသတ်မှတ်ချက်နှင့် ကိုက်ညီရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ရန် အကြံပြုထားပါသည်။

- လူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အရေးကြီးပုံကို ကျန်းမာရေးဌာနသို့ လာရောက်သော လူကြီးလူနာများ သို့မဟုတ် မိဘဆရာအသင်းများကို ကျန်းမာရေး ဝန်ထမ်းများက ပြောဆိုဆွေးနွေးသင့်သည်။ ဘာသာရေးခေါင်းဆောင်များနှင့်လည်း လုပ်ငန်းများ တွဲဖက်ဆောင်ရွက်သင့်သည်။
- ကျန်းမာရေးဝန်ထမ်းများသည် ရွေးချယ်ထားသော ရပ်မိရပ်ဖများနှင့် ဆွေးနွေးပွဲတစ်ရပ်ကို ဦးဆောင် ကျင်းပကာ လူငယ်များအား မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများပေးရန် အရေးကြီးပုံကို ဆွေးနွေးပြောဆိုသင့်သည်။ မိဘများနှင့် ဘာသာရေးခေါင်းဆောင်များ အပါအဝင် ထိုရပ်မိရပ်ဖများသည် နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်ထိလက်ရောက် ဆောင်ရွက်ပေးမှုများဖြင့်လည်းကောင်း လူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ကူညီပံ့ပိုးပေးနိုင်ပါသည်။ ဤနည်းဖြင့် ရပ်ရွာအတွင်း ပိုမိုကျယ်ပြန့်သည့် ထောက်ပံ့အားပေးမှုများကို ရပ်မိရပ်ဖ

များက ဖန်တီးပေးနိုင်ပါသည်။ ထိုရပ်မိရပ်ဖများအား လေးစားစွာ ပြောဆိုဆက်ဆံကာ ပါဝင်ဆောင်ရွက်စေခြင်းဖြင့် လူငယ်များလိုအပ်သည့် စောင့်ရှောက်မှုများကို မလွဲမသွေ ရရှိစေမည်ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ထမ်းများသည် မြို့နယ်ကျန်းမာရေးဦးစီးမှူး၏ အကူအညီကိုရယူ၍ ရပ်ရွာအတွင်း အပျော်တမ်းဇာတ်အဖွဲ့များဖွဲ့ကာ လူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၏တန်ဖိုးကို ရပ်ရွာလူထုအားလုံးသိရှိစေရန် ဆောင်ရွက်နိုင်သည်။ အပျော်တမ်းဇာတ်အဖွဲ့ သို့မဟုတ် အခြား စိတ်ဝင်စားသည့်အဖွဲ့များ)ကို အသုံးပြုခြင်းသည် ရပ်ရွာလူထုပူးပေါင်းပါဝင်လာစေရေးနှင့် လူငယ်များ၏လိုအပ်ချက်နှင့် ပြဿနာများကို လူများ ပိုမိုနားလည်သိရှိလာစေရေးအတွက် အပြန်အလှန်ဆက်သွယ်မှု နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ ထူးခြားသည့် အထိမ်းအမှတ်နေ့များကို အခွင့်ကောင်းယူ အသုံးချရန်ကိုလည်း အကြံပြုထားပါသည်။ ထိုနေ့များတွင် လူငယ်များအတွက် ထူးခြားသည့် လှုပ်ရှားမှုများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် လူငယ်များ ပိုမိုပါဝင်လာစေမည့်၊ စိတ်အားထက်သန် တက်ကြွလာစေမည့် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်ပါသည်။ (ထိုလှုပ်ရှားမှုများတွင် အုပ်စုနှင့် ရပ်ရွာလူထု တွေ့ဆုံပွဲများ၊ ကျောင်းတွင်းလှုပ်ရှားမှုများ၊ ရိုးရာဇာတ်ပွဲများ၊ ဂီတ၊ သီချင်းနှင့်အက၊ အရပ်ပြဇာတ်များ၊ ကပွဲများ၊ ဇာတ်လမ်းတွဲများ၊ ရုပ်သေးပွဲများ၊ ကာရာအိုကေသီချင်းနှင့် ပြိုင်ပွဲများ ပါဝင်ပါသည်။)

၂။၂။၂။ ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ အရေးပါပုံကို ရပ်ရွာလူထုမှ ၎င်းတို့၏အခြေအနေနှင့် ပတ်ဝန်းကျင်အနေအထားပေါ် မူတည်၍ နားလည်သဘောပေါက် လက်ခံလာစေရန် မည်သို့ဆောင်ရွက်သင့်သနည်း။

လူငယ်များသည် ကျန်းမာရေးဌာနများသို့ သွားရောက်ရန် တွန့်ဆုတ်နိုင်ပြီး အချို့မှာ သွားရောက်နိုင်ခြင်းမရှိသည်များ ဖြစ်နေနိုင်ပါသည်။ လူငယ်များနေထိုင်ရာ သို့မဟုတ် အလုပ်လုပ်ကိုင်ရာနေရာများနှင့် နီးစပ်ရာများ၊ လူငယ်များ ရင်းနှီးကျွမ်းဝင်မှုရှိသည့် နေရာများတွင် ကျန်းမာရေး သတင်းအချက်အလက်နှင့် စောင့်ရှောက်မှုများပေးနိုင်ရန် ကြိုးပမ်းအားထုတ်သွားရမည် ဖြစ်သည်။ စောင့်ရှောက်ဝန်ဆောင်မှုများ ရပ်ရွာလူထုထဲသို့ ပိုမိုကျယ်ပြန့်စွာ ရောက်ရှိစေရန်အတွက် ကွင်းဆင်းလုပ်သားများ၊ ရွေးချယ်ထားသော ရပ်ကွက်ကျေးရွာသားများနှင့် လူငယ်များကိုယ်တိုင် ဆောင်ရွက်နိုင်ပါသည်။ လူငယ်များနှင့် အဆင်ပြေစွာ ဆက်ဆံနိုင်သူများ၊ လူငယ်များ အားထားယုံကြည်ရသူများမှပေးသော စောင့်ရှောက်မှုနှင့် လူငယ်များ မကြာခဏသွားရောက်လေ့ရှိသည့် နေရာများတွင်ပေးသော စောင့်ရှောက်မှုများကို ၎င်းတို့ ပိုမိုလက်ခံ သုံးစွဲနိုင်ပါသည်။ အပယ်ခံလူငယ်များ (ဥပမာ- လမ်းပေါ်တွင် နေထိုင်လုပ်ကိုင်စားသောက်နေသူများ)ထံ ရောက်ရှိအောင် စောင့်ရှောက်မှုပေးလိုလျှင် ဤအချက်က အထူးအရေးကြီးလှပါသည်။ အသက်အရွယ်၊ ယောကျ်ား၊ မိန်းမ မရွေး၊ ပညာအဆင့်အတန်း၊ ယဉ်ကျေးမှုနောက်ခံနှင့် လူမျိုးမရွေး၊ မသန်စွမ်းမှုနှင့် အခြားမည်သည့် အကြောင်းများပင် ရှိသော်ငြားလည်း ဆယ်ကျော်သက်များအားလုံး သည် ၎င်းတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရယူနိုင်ခွင့်ရှိရပါမည်။

ထိုသတ်မှတ်ချက်နှင့် ကိုက်ညီရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ရန် အကြံပြုထားပါသည်။

- ကျန်းမာရေးဌာနမှ တာဝန်ယူရသော နယ်မြေအတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ကွင်းဆင်းကာ ဆောင်ရွက်သင့်ပါသည်။ ကျန်းမာရေးဌာနမှ ကွင်းဆင်းဆောင်ရွက်ရခြင်း၏

ရည်ရွယ်ချက်မှာ ကျန်းမာရေးဌာနတွင် ရရှိနိုင်သည့် စောင့်ရှောက်မှုများကို ရပ်ရွာထဲမှ ဆယ်ကျော်သက်များအား အသိပေးရန်ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးဌာနသို့ အကြောင်း အမျိုးမျိုးကြောင့် လာရောက်နိုင်ခြင်းမရှိသူများကို စောင့်ရှောက်ကုသပေးရန်လည်း ရည်ရွယ်ပါသည်။ ကျန်းမာရေးဌာနမှ တာဝန်ယူရသော နယ်မြေအတွင်းရှိ လူငယ်များနှင့် လက်တွဲလုပ်ကိုင်နေသော သို့မဟုတ် လူငယ်များအား ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ထားသင့်ပါသည်။ ထိုအဖွဲ့အစည်းများနှင့် ကျန်းမာရေးဌာနတို့ ကောင်းစွာချိတ်ဆက်ထားမည် ဆိုပါက လူငယ်များတွင် အကူအညီလိုအပ်လာပါက ထိုလူငယ်များအား ကျန်းမာရေးဌာနသို့ ထိုအဖွဲ့အစည်းများမှ မဆိုင်းမတွ ညွှန်းပို့ပေးနိုင်မည်ဖြစ်သည်။ ကျန်းမာရေးဌာနမှ လက်လှမ်း မမီသော ဆယ်ကျော်သက်များကိုပင် ထိုအဖွဲ့အစည်းများမှ လက်လှမ်းမီနိုင်ပါသည်။

စံနှုန်း ၃ - ကျန်းမာရေးဝန်ထမ်းများသည် လူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ထိထိရောက်ရောက်နှင့် နားလည်စာနာမှုအပြည့်ဖြင့် ပေးနိုင်ရန်အတွက် လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ရှိရပါမည်။ ကျန်းမာရေးစောင့်ရှောက်မှုကို မှန်ကန်တိကျစွာ ပေးနိုင်ရပါမည်။

ထိုစံနှုန်း ပြည့်မီရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရပါမည်။

၂။၃။၁။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ကျန်းမာရေးအကူဝန်ထမ်းများသည် လူငယ်များအား (လူမျိုး၊ ကျား၊မ၊ ဝင်ငွေအဆင့်အတန်း၊ အိမ်ထောင်ရှိခြင်း၊ မရှိခြင်း စသည်တို့ကို ထည့်သွင်းမစဉ်းစားဘဲ) အဆင့်အတန်းမခွဲခြားဘဲ လေးစားစွာဆက်ဆံရပါမည်။ ၎င်းတို့သည် ဝေဖန်ပြစ်တင်ခြင်းကင်းသော၊ ကိုယ်ချင်းစာနာစိတ်ရှိသော၊ ပွင့်လင်းစွာပြောဆိုဆက်ဆံနိုင်သူများ ဖြစ်ရပါမည်။

၂။၃။၂။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် ဆယ်ကျော်သက်များအတွက် မှန်ကန်သည့် ကုသစောင့်ရှောက်မှုပေးနိုင်ရန် သို့မဟုတ် သင့်တော်သည့်လွှဲပြောင်းညွှန်းပို့မှု ပြုလုပ်နိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုရှိရပါမည်။

၂။၃။၃။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် ခိုင်လုံသည့် သက်သေအထောက်အထားများကို အခြေခံသော လုပ်ငန်းလမ်းညွှန်များအတိုင်း ကုသစောင့်ရှောက်မှုပေးရပါမည်။

၂။၃။၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် မှန်ကန်သည့် သတင်းအချက်အလက်နှင့် ပညာပေးမှုများကို ပံ့ပိုးပေးရပါမည်။

၂။၃။၁။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ကျန်းမာရေးအကူဝန်ထမ်းများသည် လူငယ်များအား (လူမျိုး၊ ကျား၊မ၊ ဝင်ငွေ၊ အိမ်ထောင်ရှိခြင်း၊ မရှိခြင်း စသည်တို့ကို ထည့်သွင်းမစဉ်းစားဘဲ) အဆင့်အတန်းမခွဲခြားဘဲ လေးစားစွာဆက်ဆံရန်နှင့် ၎င်းတို့သည် ဝေဖန်ပြစ်တင်ခြင်းကင်းသော၊ ကိုယ်ချင်းစာနာစိတ်ရှိသော၊ ပွင့်လင်းစွာပြောဆိုဆက်ဆံနိုင်သူများဖြစ်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ကျန်းမာရေးစောင့်ရှောက်သူနှင့် အကူဝန်ထမ်းများသည် လူငယ်များအား လေးစားမှုရှိမည်၊ ဝေဖန်ပြစ်တင်မှုများမရှိဘဲ ပွင့်လင်းစွာ ပြောဆိုဆက်ဆံနိုင်သူများ ဖြစ်မည်ဆိုပါက ဆေးခန်းသို့လာသော လူငယ်များအနေဖြင့် သက်တောင့်သက်သာရှိသည့်အတွက် ဆေးခန်းသို့ ထပ်မံလာရောက်နိုင်ခြေ

ရှိပြီး ဆေးခန်း၏ဂုဏ်သတင်းလည်း ကျော်စောနိုင်ပါသည်။ ထို့ပြင် လူငယ်များမှ ပိုမိုယုံကြည်အားထားမှုရှိလာသောအခါ စောင့်ရှောက်မှု ပေးသူအား ပိုမိုပွင့်လင်းစွာ ပြောဆိုလာနိုင်ပြီး မေးခွန်းများကိုလည်း ပိုမိုရိုးသားစွာ ဖြေဆိုလာသည့်အတွက် စောင့်ရှောက်မှုပေးသူအနေဖြင့် ရောဂါသတ်မှတ်ရန်နှင့် နှစ်သိမ့်ဆွေးနွေးပညာပေးနိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ပြည့်စုံစွာ ရရှိနိုင်ပါသည်။ ထိုအခါ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးလည်း တိုးတက်မြင့်မားလာပါမည်။ ထိုဆောင်ရွက်ချက်များကို အခြေအနေအဆင့်အတန်းမခွဲခြားဘဲ ဆယ်ကျော်သက်များအားလုံးအတွက် လုပ်ဆောင်ပေးရပါမည်။ အိမ်ထောင်မရှိသူများ၊ တိုင်းရင်းသား လူမျိုးစုငယ်များ အပါအဝင် ဆယ်ကျော်သက်များအားလုံးသည် မည်သူမဆို အရည်အသွေးမြင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ရရှိပိုင်ခွင့်ရှိပါသည်။

ဤသည်မှာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ၎င်းတို့ လက်ခံယုံကြည်သော တန်ဖိုးထားမှုများကို စွန့်လွှတ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်းကိုမူ သတိချပ်သင့်ပါသည်။ အိမ်ထောင်မရှိဘဲ လိင်ဆက်ဆံမှုပြုသော ဆယ်ကျော်သက်နှင့်လူငယ်များကို တာဝန်မဲ့သူများအဖြစ် ယူဆကောင်း ယူဆနိုင်သည်။ လိင်တူချင်းဆက်ဆံသော လူငယ်အမျိုးသားများကို ညစ်ညမ်းသည်ဟု ခံစားရကောင်း ခံစားရနိုင်သည်။ သို့သော် ထိုခံစားချက်များက ၎င်းတို့ပေးသည့် ကျန်းမာရေးစောင့်ရှောက်မှုကို အနှောင့်အယှက်မဖြစ်စေဘဲ ထိုလူငယ်များအား လေးစားခင်မင်စွာ ဆက်လက်ဆက်ဆံပေးရန် ဆိုလိုပါသည်။

၂။၃။၂။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် ဆယ်ကျော်သက်နှင့် လူငယ်များအတွက် မှန်ကန်သည့် ကုသစောင့်ရှောက်မှုပေးနိုင်ရန် သို့မဟုတ် သင့်တော်သည့် လွှဲပြောင်းညွှန်းပို့မှု ပြုလုပ်နိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုရှိရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ကျန်မာရေးဝန်ထမ်းများသည် ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသာမက လူငယ်များအား လေးလေးစားစားနှင့် ပွင့်လင်းရင်းနှီးစွာ ပြောဆိုဆက်ဆံနိုင်သော စိတ်နေသဘောထားနှင့် အရည်အသွေးများ ရှိရန် လိုအပ်ပါသည်။ ထိုအရည်အချင်းနှင့် ကျွမ်းကျင်မှုများမရှိပါက အရည်အသွေးပြည့် စောင့်ရှောက်မှုကို ပေးနိုင်မည်မဟုတ်ပါ။

လူငယ်များသည် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နေရာတည်းမှဖြစ်စေ သို့မဟုတ် လိုအပ်ပါက အဆင့်ဆင့်ညွှန်းပို့ခြင်းဖြင့် ဖြစ်စေ ပြည့်စုံစွာရရှိရန် အရေးကြီးသည်။ မည်သို့ပင်ဖြစ်စေ လူငယ်များအားလုံးသည် အားပေးကူညီလိုစိတ်ဖြင့် ရင်းနှီးခင်မင်စွာပေးသော စောင့်ရှောက်မှုများကို ခံယူရရှိရန် အရေးကြီးပါသည်။ သို့မှသာ လူငယ်များ၏လိုအပ်ချက်နှင့် ပြဿနာများကို တုံ့ပြန်ဆောင်ရွက်ပေးရန်မှာ ကျန်းမာရေးစောင့်ရှောက်မှုပေးသောစနစ်၏ ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်ကြောင်းကို ဖော်ညွှန်းရာရောက်ပေလိမ့်မည်။ ထိုအချက်က အခက်အခဲပြဿနာများ နောက်နောင်ပေါ်ပေါက်လာပါက ထပ်မံ လာရောက်ကာ အကူအညီတောင်းခံလိုစိတ်ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

၂။၃။၃။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် ခိုင်လုံသည့် သက်သေအထောက်အထားများကို အခြေခံသော လုပ်ငန်းလမ်းညွှန်များအတိုင်း ကုသစောင့်ရှောက်မှုပေးရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ဆေးသိပ္ပံပညာသည် အလွန်လျှင်မြန်စွာ ပြောင်းလဲနေသော ပညာရပ်ဖြစ်သည်နှင့်အညီ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် သုတေသနပြုတွေ့ရှိမှုများအားလုံးကို လိုက်မီရန် မဖြစ်နိုင်ပါ။ နောက်ဆုံးပေါ်တွေ့ရှိချက်များကို အမျိုးသားအဆင့် စံနှုန်းများနှင့် လမ်းညွှန်များ၊ လုပ်ငန်းလမ်းညွှန်များ၌ ထည့်သွင်းဖော်ပြထားပါသည်။ ထို့ပြင် ၎င်းတို့သည် နိုင်ငံ၏ယဉ်ကျေးမှု (အထူးသဖြင့် ဆယ်ကျော်သက်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ)၊ ဥပဒေများနှင့် နည်းဗျူဟာအရဦးစားပေးလုပ်ငန်းများကိုလည်း ကိုယ်စားပြုပါသည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် ခိုင်လုံသည့် သက်သေအထောက်အထားများကို အခြေခံသော လုပ်ငန်းလမ်းညွှန်များအတိုင်း ကုသစောင့်ရှောက်မှုပေးမည်ဆိုပါက အရည်အသွေးပြည့်ဝသည့် စောင့်ရှောက်မှုကို ပေးနေခြင်းဖြစ်ကြောင်း ယုံကြည်စိတ်ချနိုင်မည် ဖြစ်ပါသည်။

၂။၃။၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည်မှန်ကန်သည့်သတင်းအချက်အလက်နှင့်ပညာပေးမှုများကို ပံ့ပိုးပေးရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ကျန်းမာရေးဝန်ထမ်းများသည် လုပ်ငန်းလမ်းညွှန်နှင့်အညီ နှစ်သိမ့်ဆွေးနွေးခြင်း၊ သတင်းအချက်အလက်ပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်ပါက နှစ်သိမ့်ဆွေးနွေးပညာပေးမှုနှင့် သတင်းအချက်အလက်များသည် အရည်အသွေးပြည့်ဝကြောင်း ယုံကြည်စိတ်ချနိုင်ပါသည်။

စံနှုန်း ၄ - ကျန်းမာရေးဌာနများသည် လိုအပ်သော ကျန်းမာရေးသတင်းအချက်အလက်၊ နှစ်သိမ့်ဆွေးနွေးပညာပေးမှု၊ ဆေးဝါးပစ္စည်းများနှင့် ကုသစောင့်ရှောက်မှုများကို ကိုယ်တိုင်ချက်ချင်းလက်ငင်းသော်လည်းကောင်း၊ လွှဲပြောင်းညွှန်းပို့ပေးခြင်းဖြင့်သော်လည်းကောင်း ပြည့်စုံလုံလောက်အောင် ပံ့ပိုးပေးရမည်။ ထိုသို့ပံ့ပိုးနိုင်ရန်အတွက် ကျန်းမာရေးဌာနများတွင် ပစ္စည်းကိရိယာများ၊ ဆေးဝါးများနှင့် ထောက်ကူပစ္စည်းများရှိရမည်။ ကျန်းမာရေးဌာနများသည် လူငယ်များအား နွေးထွေးစွာ လက်ခံကြိုဆိုနိုင်သောနေရာများ ဖြစ်ရမည့်အပြင် လုံခြုံမှုနှင့် လျှို့ဝှက်ထိန်းသိမ်းနိုင်မှုအတွက် အာမခံနိုင်ရမည်။

ထိုစံနှုန်း ပြည့်မီရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရပါမည်။

၂။၄။၁။ ဆယ်ကျော်သက်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ကန့်သတ်ထားခြင်း မရှိသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ထားပြီးဖြစ်ရပါမည်။

၂။၄။၂။ ကျန်းမာရေးဝန်ထမ်းများသည် လူငယ်များလိုအပ်သည့် စောင့်ရှောက်မှုကို ပေးနိုင်ရပါမည်။

၂။၄။၃။ ကျန်းမာရေးဌာနများသည် ရေ၊ မီး အစရှိသည့်လိုအပ်ချက်များ၊ ပစ္စည်းကိရိယာများ၊ ထောက်ကူပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ ပြည့်စုံရပါမည်။

၂။၄။၄။ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆယ်ကျော်သက်များအတွက် အခမဲ့ သို့မဟုတ် ၎င်းတို့တတ်နိုင်သည့်နှုန်းထားဖြင့် ဝန်ဆောင်ပေးရပါမည်။

၂။၄။၅။ ကျောင်းသားလူငယ်များနှင့် ကျောင်းပြင်ပမှ ဆယ်ကျော်သက်များအားလုံးအတွက် သွားလာရ အဆင်ပြေလွယ်ကူသော အချိန်များတွင် ဆေးခန်းကို ဖွင့်လှစ်ပေးရပါမည်။

၂။၄။၆။ စောင့်ရှောက်မှုခံယူရန် စောင့်ဆိုင်းရသည့် အချိန်မှာ တိုတောင်းပြီး ကြိုတင်ချိန်းဆိုရန် မလိုဘဲ လာရောက်နိုင်ရပါမည်။

၂။၄။၇။ ကျန်းမာရေးဌာနများသည် သန့်ရှင်းပြီး ဆယ်ကျော်သက်များကို နွေးထွေးစွာလက်ခံနိုင်ရပါမည်။

၂။၄။၈။ လျှို့ဝှက်ထိန်းသိမ်းပေးနိုင်ရန်အတွက် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ထားပြီး ဖြစ်ရပါမည်။

၂။၄။၉။ ကျန်းမာရေးစောင့်ရှောက်မှုများကို သီးသန့်လုံခြုံမှုရှိစွာ ပေးရပါမည်။

၂။၄။၁။ ဆယ်ကျော်သက်များအား ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းကို ကန့်သတ်ထားခြင်း မရှိသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ထားပြီးဖြစ်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ကိုယ်တိုင်စီမံပိုင်ခွင့်နှင့် လွပ်လပ်ခွင့်များကို ဆယ်ကျော်သက်များအား မည်မျှထိ ခွင့်ပြုပေးထားသည်ဆိုသည်မှာ ရိုးရာယဉ်ကျေးမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ် မူတည်ကာ ကွဲပြားမှုရှိပါသည်။ ဆယ်ကျော်သက်များသည် ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှု အထူးသဖြင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုနှင့်ပတ်သက်၍ ကိုယ်ပိုင်ရွေးချယ်ခွင့် ရနိုင်သလို မရသည်လည်း ဖြစ်နိုင်သည်။ ဆယ်ကျော်သက်များသည် မည်သည့်အခြေအနေမျိုးတွင်မဆို ကျန်းမာရေး စောင့်ရှောက်မှုများကိုလက်လှမ်းမီရရှိနိုင်ပါက၎င်းတို့၏ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကျန်းမာရေးအဆင့်အတန်းများ တိုးတက်ကောင်းမွန်လာကြကြောင်း သိပ္ပံနည်းကျ အထောက်အထားများရှိပါသည်။

၂။၄။၂။ ကျန်းမာရေးဝန်ထမ်းများသည် လူငယ်များလိုအပ်သည့် စောင့်ရှောက်မှုကို ပေးနိုင်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ကျန်းမာရေးဝန်ထမ်းများသည် လူငယ်များလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအားလုံးကို ပေးနိုင်ရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လူငယ်များသည် ၎င်းတို့ အလိုရှိသည့် စောင့်ရှောက်မှုများကိုရမှသာ ကျန်းမာရေးဌာနသို့ လာရောက်ကြမည်ဖြစ်သည်။

ကျန်းမာရေး စောင့်ရှောက်မှုများကို အစီအစဉ်ရေးဆွဲသည့်၊ စီမံဆောင်ရွက်သည့် တာဝန်ရှိသူများသည် လူငယ်များ၏လိုအပ်ချက်ကို သိချင်မှသိလိမ့်မည်ဆိုသည့်အချက်ကို သတိပြုရန်လိုပေသည်။

ထိုအချက်သည် လူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ရေးဆွဲခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် လူငယ်များကိုယ်တိုင် တက်ကြွစွာပါဝင်သင့်သည့် အကြောင်းရင်းတစ်ခုလည်း ဖြစ်သည်။

၂။၄။၃။ လူငယ်များလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအားလုံးကို ပေးနိုင်ရန်အတွက် ကျန်းမာရေး ဌာနများတွင် အခြေခံလိုအပ်ချက်များ (ရေ၊ မိလ္လာသန့်ရှင်းရေး၊ လျှပ်စစ်မီး အစရှိသည်)၊ ပစ္စည်း ကိရိယာများ၊ အထောက်အကူပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ ပြည့်စုံမှုရှိစေရန် ကျန်းမာရေးဌာနတာဝန်ခံမှ ဆောင်ရွက်ပေးရန် အဘယ်ကြောင့် အရေးကြီးသနည်း။

အခြေခံလိုအပ်ချက်များမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာ ပေးနိုင်မည်မဟုတ်ပါ။ အခြေခံလိုအပ်ချက်များအားလုံး (ကိရိယာများကို ပိုးမွှားသန့်စင်ရန် သန့်ရှင်းသောရေနှင့် လျှပ်စစ်မီး) ပြည့်စုံခြင်းမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးမည်ဆိုပါက ဆယ်ကျော်သက်များ၏ ကျန်းမာရေးကိုပင် အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ထို့ပြင် လိုအပ်သည့် ပစ္စည်းကိရိယာများ ပြည့်စုံစွာ ရှိခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုကို စနစ်တကျပေးနိုင်မည်ဖြစ်သည်။

၂။၄။၄။ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆယ်ကျော်သက်များအတွက် အခမဲ့ သို့မဟုတ် ၎င်းတို့တတ်နိုင်သည့်နှုန်းထားဖြင့် ဝန်ဆောင်ပေးရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ကျန်းမာရေးစောင့်ရှောက်မှုများကို ဆယ်ကျော်သက်များ လက်လှမ်းမီအောင် ပြုလုပ်ရာတွင် ကုန်ကျစရိတ်သည် အရေးပါသည့် အကြောင်းအချက်တစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် မိဘမဲ့များအတွက် ဖြစ်သည်။ စောင့်ရှောက်မှုခံယူရမည့် စရိတ်စကကြီးလွန်းလျှင်

ဆယ်ကျော်သက်များ လာရောက်အသုံးပြုတော့မည် မဟုတ်ပါ။

၂။၄။၅။ ကျောင်းသားလူငယ်များနှင့် ကျောင်းပြင်ပမှ ဆယ်ကျော်သက်များ အားလုံးအတွက် သွားလာရ အဆင်ပြေလွယ်ကူသော အချိန်များတွင် ဆေးခန်းကို ဖွင့်လှစ်ပေးရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ဆယ်ကျော်သက်များ ကျောင်းတက်နေချိန်တွင်သာ ဆေးခန်းဖွင့်မည်ဆိုပါက လာရောက်နိုင်ကြမည် မဟုတ်ပါ။ လူငယ်များ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်အောင် စီစဉ်ပေးထားသော ဆေးခန်းများတွင် ဆယ်ကျော်သက်များအတွက် အထူးသီးသန့် ဆေးခန်းချိန်ကို ကျောင်းမတက်မီနှင့် ကျောင်းဆင်းချိန်များတွင် သတ်မှတ်ဖွင့်လှစ်ပေးလေ့ရှိသည်ကို သတိချပ်စေလိုပါသည်။

၂။၄။၆။ စောင့်ရှောက်မှုခံယူရန် စောင့်ဆိုင်းရသည့် အချိန်မှာ တိုတောင်းပြီး ကြိုတင်ချိန်းဆိုခြင်း မရှိဘဲ လာရောက်နိုင်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ဆေးခန်းတွင် ကြာရှည်စွာစောင့်ဆိုင်းရမှုနှင့် ဆေးခန်းပြရန် ခက်ခက်ခဲခဲ ချိန်းဆိုရမှုများသည် လူကြီးများထက် ဆယ်ကျော်သက်များအတွက် ပို၍ အဟန့်အတားဖြစ်စေပါသည်။ ဆယ်ကျော်သက်များသည် စောင့်ဆိုင်းချိန်ကြာမြင့်မှုကြောင့် ဆေးခန်းမှ ပြန်လည်ထွက်ခွာသွားနိုင်သဖြင့် ကျန်းမာရေး စောင့်ရှောက်မှုရရှိမည့် အခွင့်အလမ်းကို ဆုံးရှုံးရမည်ဖြစ်သည်။

၂။၄။၇။ ကျန်းမာရေးဌာနများသည် သန့်ရှင်းပြီး ဆယ်ကျော်သက်များကို နွေးထွေးစွာလက်ခံနိုင်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ပတ်ဝန်းကျင်အနေအထားသည် ဆယ်ကျော်သက်များအတွက် နှစ်သက်ဖွယ်မရှိလျှင် ကျန်းမာရေး စောင့်ရှောက်မှုကို လာရောက်ခံယူတော့မည် မဟုတ်ပေ။ လာချင်စဖွယ်ကောင်းပြီး နွေးထွေးပျူငှာ၍ သန့်ရှင်းစင်ကြယ်သည့် ကျန်းမာရေးဌာနဖြစ်လျှင် ဆယ်ကျော်သက်များ လာရောက်နိုင်ခြေ ပိုများပါလိမ့်မည်။

ထိုသတ်မှတ်ချက်နှင့် ကိုက်ညီရန်အတွက် ကျန်းမာရေးဌာနတွင် လူငယ်များအတွက် သီးသန့်နေရာများ ထားရှိရန် အကြံပြုလိုပါသည်။

လူငယ်များ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်အောင် စီစဉ်ထားသော ကျန်းမာရေးဌာနများတွင် လူငယ်များအတွက် အထူးသီးသန့်ခန်းများ ရှိပါသည်။ ကျန်းမာရေးဌာနရှိ နေရာတစ်နေရာသို့မဟုတ် အခန်းတစ်ခန်းကို ဆယ်ကျော်သက်များအတွက် သီးသန့်ရည်ရွယ်ထုတ်ဝေထားသော သတင်းအချက်အလက်၊ပညာပေးခြင်းနှင့် ဆက်သွယ်ရေး အထောက်အကူပစ္စည်းများနှင့် ဆယ်ကျော်သက်များနှစ်သက်အောင် ပြင်ဆင်ထားရန်လိုပါသည်။ ထိုနေရာများတွင် သက်ရွယ်ဆင့်တူ ပညာပေးသူများ၊ ကွင်းဆင်းလုပ်သားများနှင့် အစည်းအဝေးများလည်း မကြာခဏပြုလုပ်ရန် လိုပါသည်။

၂။၄။၈။ လျှို့ဝှက်ထိန်းသိမ်းပေးနိုင်ရန်အတွက် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ထားပြီးဖြစ်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ဆယ်ကျော်သက်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လျှို့ဝှက်ထိန်းသိမ်းမှုရှိရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ ဆယ်ကျော်သက်များ၏ ရပိုင်ခွင့်ဖြစ်ပါသည်။ လျှို့ဝှက်ထိန်းသိမ်းမှုမရှိပါက ဆယ်ကျော်သက်များ၏ ကျန်းမာရေးပြဿနာများနှင့် ဆေးကုသမှုများအကြောင်း အခြားသူသိကာ ထိုလျှို့ဝှက်ချက်ကို အကြောင်းပြု၍ အကျပ်ကိုင်ခြိမ်းခြောက်ခြင်းများဖြစ်လာနိုင်သလို ကာယကံရှင်၏ဂုဏ်သတင်း ထိခိုက်ပျက်စီးနိုင်ပါသည်။ လျှို့ဝှက်ထိန်းသိမ်းမှုမရှိလျှင် ဆယ်ကျော်သက်များ လာရောက်အသုံးပြုကြမည် မဟုတ်ပါ။

ထိုစံသတ်မှတ်ချက်နှင့် ကိုက်ညီရန်အတွက် လူနာမှတ်တမ်းနှင့် အခြားမှတ်တမ်းစာအုပ်များအားလုံးကို လုံခြုံစွာသော့ခတ်သိမ်းဆည်းရန်နှင့် ဝန်ထမ်းများအားလုံး(ကျန်းမာရေးစောင့်ရှောက်သူနှင့် အကူဝန်ထမ်းများ) အား လျှို့ဝှက်ထိန်းသိမ်းမှု၏ အရေးကြီးပုံကို သင်တန်းပေးရန် အကြံပြုလိုပါသည်။

၂။၄။၉။ ကျန်းမာရေးစောင့်ရှောက်မှုများကို သီးသန့်လုံခြုံမှုရှိစွာပေးရန် အဘယ်ကြောင့် အရေးကြီးသနည်း။

ဆယ်ကျော်သက်နှင့်လူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု ရယူပုံအမူအကျင့်အပေါ် လွှမ်းမိုးသည့် အဓိကအချက်မှာ စောင့်ရှောက်မှုခံယူခြင်းကြောင့် မိဘများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ပြဿနာဖြစ်ခြင်း ရှိ မရှိ ဟူသော အချက်ပင်ဖြစ်သည်။ လက်မထပ်ခင် လိင်ဆက်ဆံမှုပြုခြင်းကို လူ့အဖွဲ့အစည်းမှ လက်မခံနိုင်သည့်အတွက် အိမ်ထောင်မရှိသော ဆယ်ကျော်သက်များသည် သားဆက်ခြားစောင့်ရှောက်မှုကို ၎င်းတို့၏ အိမ်အနီးအနားတွင် သို့မဟုတ် သီးသန့်လုံခြုံမှု မရှိသော ကျန်းမာရေးဌာနတွင် လာရောက်အသုံးပြုမည်မဟုတ်ပါ။ အိမ်ထောင်ရှိသော ဆယ်ကျော်သက်များပင်လျှင် ၎င်းတို့၏ပြဿနာကို ပတ်ဝန်းကျင်မှ သိသွားမည်ဆိုပါက စိတ်ကသိကအောက် ဖြစ်ကြပေမည်။ ထို့ကြောင့် စောင့်ရှောက်မှုများကို သီးသန့်လုံခြုံစွာပေးရန် လိုအပ်ပါသည်။ အခြားသူများ မကြားနိုင်၊ မမြင်နိုင်သော အခြေအနေမျိုးဖြစ်ရပါမည်။ အချို့သော စောင့်ရှောက်မှုများကိုပေးရာတွင် ဆေးခန်းသို့လာသော ဆယ်ကျော်သက်များအား လူအများမမြင်နိုင်ရန်အတွက် ဝင်ပေါက်၊ စောင့်ဆိုင်းရာ နေရာ၊ ထိုင်စောင့်ရန်အခန်းများကို လိုအပ်ပါက သီးခြားထားရှိ ပေးသင့်ပါသည်။

၃။ ဆယ်ကျော်သက်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လုပ်ဆောင်ချက်များနှင့် အကောင်အထည် ဖော်ဆောင်ရွက်ရေးလမ်းညွှန်

အမျိုးသားအဆင့်စံနှုန်းများကို သတ်မှတ်ပြီးသောအခါ ကျန်းမာရေးဝန်ကြီးဌာနသည် သတ်မှတ်ထားသော ကျန်းမာရေးဌာနများတွင် ဆယ်ကျော်သက်ကျန်းမာရေး စောင့်ရှောက်မှုများအတွက် လမ်းညွှန်ပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ရေးလမ်းညွှန်များကို ရေးဆွဲချမှတ်ရပါမည်။ ထိုလမ်းညွှန်သည် စောင့်ရှောက်မှုလုပ်ငန်းများအား ကျေကျေနပ်နပ်လက်ခံလာအောင် ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်းအပါအဝင် ဆယ်ကျော်သက်များအတွက် အရည်အသွေးကောင်းမွန်သော စောင့်ရှောက်မှုများပေးနိုင်ရန် နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ ကျန်းမာရေးဌာနအဆင့်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖော်ပြထားပါသည်။

အောက်ဖော်ပြပါဇယားတွင် နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ ကျန်းမာရေးဌာနအဆင့်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးမျိုးကို ဖော်ပြထားပါသည်။

စံနှုန်းများ ပြည့်မီရန်အတွက် အဆင့်ဆင့် အကောင်အထည် ဖော်ရမည့်လုပ်ငန်းများ

၁။ အရည်အသွေးစံနှုန်း ၁ ပြည့်မီရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ

စံနှုန်း ၁ - လူငယ်များသည် ၄င်းတို့၏ အသက်အရွယ်၊ ပါဝင်သည့် အုပ်စုနှင့် ကိုက်ညီသည့် ကျန်းမာရေးဗဟုသုတများရှိရပါမည်။ လူငယ်များသည် ကျန်းမာရေးစောင့်ရှောက်မှုများကို မှန်ကန်သင့်လျော်စွာ ရယူနိုင်ပြီး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အားပေးကူညီကြရပါမည်။

ဆယ်ကျော်သက် ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်	နိုင်ငံအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	မြို့နယ်အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	ကျန်းမာရေးဌာနအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ
ကျန်းမာရေးစောင့် ရှောက်မှုများနှင့် ပတ်သက်သော မှန်ကန်သည့် အသိပညာနှင့် သတင်းအချက်အလက် များကို လူငယ်များ သိရှိအောင် ဆောင်ရွက်ခြင်း	ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးဌာနတွင်းနှင့် သို့မဟုတ် ကွင်းဆင်း ဆောင်ရွက်ရန်အတွက် တိုင်း/ပြည်နယ် အဆင့်များနှင့် မြို့နယ်ကျန်းမာရေး ဦးစီးမှူးများသို့ လမ်းညွှန်ချက်များ ပေးပို့ရန်	တိုင်း/ပြည်နယ် အဆင့်မှ သင့်တော်သလို ဆောင်ရွက်ရန် မြို့နယ်ကျန်းမာရေး ဦးစီးမှူးများထံသို့ ညွှန်ကြားချက်များ ဆက်လက်ပေးပို့ရန်	ကျန်းမာရေးဌာနမှ တာဝန်ယူထားသော နယ်မြေအတွင်း ဌာနတွင်းနှင့် ကွင်းဆင်း ဆောင်ရွက်မှုများအတွက် မြို့နယ်ကျန်းမာရေး ဦးစီးမှူးမှ အစီအစဉ်များ ရေးဆွဲကာ လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေး ကူညီရန်	ကျန်းမာရေး ဝန်ထမ်းများသည် မြန်မာနိုင်ငံ မိခင်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကြက်ခြေနီ၊ လူငယ်အဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်း များမှ အဖွဲ့ဝင်များနှင့် ပူးပေါင်းကာ နယ်မြေ အတွင်းရှိ လူငယ်များထံသို့ သတင်းအချက်အလက်များ ရောက်ရှိစေရေး ကွင်းဆင်းဆောင်ရွက်ရန်
လုပ်ငန်းစီမံချက် ပုံစံရေးဆွဲခြင်း၊ လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း တို့တွင် လူငယ်များ ကိုယ်တိုင် ပါဝင် ဆောင်ရွက်စေခြင်း၊ သို့မဟုတ် သက်ရွယ်ဆင့်တူ ပညာပေးသူများအဖြစ် ပါဝင်ဆောင်ရွက်စေခြင်း	ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းစီမံချက် ပုံစံရေးဆွဲခြင်း၊ လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ တွင် လူငယ်များအား မည်သို့ ပါဝင်ဆောင်ရွက် စေမည်ဆိုသည်ကို လမ်းညွှန်ချက်များ ရေးဆွဲပြင်ဆင်ရန်	တိုင်း/ပြည်နယ် အဆင့်မှ လမ်းညွှန်ချက်များကို မြို့နယ်ကျန်းမာရေး ဦးစီးမှူးများထံသို့ ဆက်လက်ပေးပို့ရန်	မြို့နယ်ကျန်းမာရေး ဦးစီးမှူးမှ လက်အောက် ကျန်းမာရေးဌာနများနှင့် ဆွေးနွေး၍ လူငယ်များ ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရန် ကူညီပေးနိုင်သည့် လူငယ်အဖွဲ့အစည်းများ နှင့် ကျောင်းများကို ရှာဖွေသတ်မှတ်နိုင်ရန်	တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးမှ တာဝန်ပေးထားသော ဝန်ထမ်းမှ လူငယ်များ ဦးဆောင်သော အဖွဲ့အစည်းများ၊ ကျောင်းများမှ ရွေးချယ်ထားသော သက်ရွယ်ဆင့်တူ ပညာပေးသူများ၊ လူငယ်အဖွဲ့များကို ဖိတ်ခေါ်ပြီး လူငယ်များအား ပူးပေါင်းပါဝင် ဆောင်ရွက်စေရန်
လူငယ်များ သင်ယူလေ့လာရန်၊ အပန်းဖြေရန်၊ မျှဝေရန်၊ အခွင့်အလမ်း ကောင်းများ ရှာဖွေနိုင်ရန် သင့်တင့် လျောက်ပတ်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်း	ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်း/ပြည်နယ်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးမှူးများသို့ လမ်းညွှန် ချက်များ ပေးပို့၍ ဒေသအခြေအနေနှင့် ကိုက်ညီသော လူငယ့်ရိပ်မြုံများ တည်ထောင်စေရန် (အရင်းအမြစ်များ လုံလောက်စွာရှိပါက)	တိုင်း/ပြည်နယ်အဆင့်မှ လမ်းညွှန်ချက်များကို မြို့နယ်ကျန်းမာရေး ဦးစီးမှူးများထံသို့ ဆက်လက်ပေးပို့ရန်	မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးမှ ၄င်း၏ကျန်းမာရေး စောင့်ရှောက်မှု နယ်မြေအတွင်း၌ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ပြီး အစီအမံများရေးဆွဲကာ လုပ်ငန်းများချောမွေ့ စေရေးအတွက် ကူညီထောက်ပံ့ရန်	တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးမှ တာဝန်ပေးထားသော ဝန်ထမ်းမှ လူငယ့်ရိပ်မြုံတည် ထောင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အ စည်းများ၊ လူငယ်များနှင့် သင့်တော်သော လုပ်ဆောင်ချက်များ ဆောင်ရွက်ရန် (ရှာဖွေခြင်း၊ဖော်ထုတ် ခြင်း၊အကောင်အထည်ဖော်ခြင်း)

၂။ အရည်အသွေးစံနှုန်း ၂ ပြည့်မီရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ

စံနှုန်း ၂ - ရပ်ရွာလူထု (ဒေသခံအာဏာပိုင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ မိဘများ၊ ဆရာများနှင့် လူငယ်များ ပါဝင်သည်) သည် လူငယ်များ၏ကျန်းမာရေး၊ လူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း၏တန်ဖိုး တို့ကို နားလည်သိရှိ သဘော ပေါက်ရမည်။ လူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းကိုလည်း အားပေးကူညီထောက်ပံ့ရမည်။

ဆယ်ကျော်သက် ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်	နိုင်ငံအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	မြို့နယ်အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	ကျန်းမာရေးဌာနအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ
လူငယ်များအား ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ နှင့် ဝန်ဆောင်မှု ပေးခြင်း၏ အရေးပါပုံကို ရပ်ရွာလူထု (အာဏာပိုင်၊ ဘာသာရေးခေါင်း ဆောင်၊မိဘ၊ဆရာ နှင့်လူငယ်များပါဝင်) အား အသိပေးခြင်း	ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဆယ်ကျော်သက် ကျန်းမာရေးနှင့် တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ လမ်းညွှန်များ၊ ဆက်သွယ်ရေး အထောက်အကူပစ္စည်းနှင့် နည်းလမ်းများ၊ သတင်းစကားများကို သတ်မှတ်ပြဌာန်းရန်	မြို့နယ်အဆင့် နှင့်ကျန်းမာရေး ဝန်ထမ်းများအား လမ်းညွှန်ချက်များကို လိုက်နာရန်နှင့် ဆက်သွယ်ရေး အထောက်အကူပစ္စည်းနှင့် နည်းလမ်းများ၊ သတင်းစကားများကို ဖြန့်ဝေရန် ညွှန်ကြားရန်	မြို့နယ်ကျန်းမာ ရေးဦးစီးမှူးမှ ကျန်းမာရေး ဝန်ထမ်းများအား ဆက်သွယ်ရေး အထောက်အကူ ပစ္စည်းနှင့်နည်း လမ်းများ၊ သတင်းစကားများကို မည်သို့သုံးစွဲရမည် ဆိုသည်ကို လမ်းညွှန်ပေးရန်	ကျန်းမာရေး ဝန်ထမ်းများသည် လူငယ်များတွင် အဖြစ်များသည့် ကျန်းမာရေးပြဿနာများ၊ ရောဂါများအကြောင်းကို အရွယ်ရောက်ပြီးသူ လူနာများအပါအဝင် ရပ်ရွာလူထုအား အလျဉ်းသင့်သလို အသိပေးပြောကြားရန် (မီဒီယာ၊ နေ့ကြီးရက်ကြီး အခမ်းအနားများမှတဆင့်)
လူငယ်များအတွက် ရည်ရွယ်သော ဆောင်ရွက်မှုများ (ပညာပေးခြင်း၊ လူငယ့်ရိပ်မြုံ၊ သက်ရွယ် ဆင့်တူ ပညာပေးခြင်း၊ ကျန်းမာရေးဝန်ဆောင် မှုများ) ကို ရပ်ရွာလူထု (အာဏာပိုင်၊ ဘာသာရေး ခေါင်းဆောင်၊ မိဘ၊ ဆရာ၊ လူငယ်များပါဝင်) က လက်ခံလာခြင်း	ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဆယ်ကျော်သက် ကျန်းမာရေးနှင့် တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများ နှင့် ပတ်သက်ပြီး ပြည်သူလူထုသိရှိစေမည့် ဆက်သွယ်ရေး အထောက်အကူ ပစ္စည်းနှင့် နည်းလမ်းများ၊ သတင်းစကားများကို ပြုစုပြဌာန်းရန်	မြို့နယ်အဆင့် နှင့်ကျန်းမာရေး ဝန်ထမ်းများအား လမ်းညွှန်ချက်များကို လိုက်နာရန် နှင့်ဆက်သွယ်ရေး အထောက်အကူ ပစ္စည်းနှင့်နည်းလမ်းများ၊ သတင်းစကား များကိုဖြန့်ဝေရန် ညွှန်ကြားရန်	မြို့နယ်ကျန်းမာရေး ဦးစီးမှူးမှ ကျန်းမာရေး ဝန်ထမ်းများအား ဆက်သွယ်ရေး အထောက်အကူ ပစ္စည်းနှင့် နည်းလမ်းများ၊ သတင်းစကားများကို မည်သို့သုံးစွဲရမည် ဆိုသည်ကို လမ်းညွှန်ပေးရန်	ကျန်းမာရေး ဝန်ထမ်းများသည် လူငယ်များတွင် အဖြစ်များသည့် ကျန်းမာရေး ပြဿနာများ၊ ရောဂါများ အကြောင်းကို အရွယ်ရောက်ပြီးသူ လူနာများ အပါအဝင် ရပ်ရွာလူထုအား အသိပေးပြောကြားရန် (တစ်ဦးချင်းနှင့် အုပ်စုငယ် ဆွေးနွေးပွဲများ၊ ကဇာတ်နှင့် ရေဒီယို နားထောင်ခြင်းအဖွဲ့များ၊ နေ့ကြီးရက်ကြီး အခမ်းအနား များမှတဆင့်)
ရပ်ရွာလူထုနှင့် လူကြီးသူမများတွင် လူငယ်များ၏ ကျန်းမာရေး စောင့်ရှောက်မှု ခံယူသည့် အမူအကျင့်များအပေါ် အကောင်းမြင်ပြီး ထောက်ခံအားပေးသော သဘောထားများရှိခြင်း	ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် လူငယ်များ၏ ကျန်းမာရေး စောင့်ရှောက်မှု ခံယူသည့် အမူအကျင့်များအပေါ် လူထုသဘောထား ပြောင်းလဲစေမည့် ဆက်သွယ်ရေး အထောက်အကူပစ္စည်းနှင့် နည်းလမ်းများ၊ သတင်း စကားများကို ပြုစုရန်	မြို့နယ်အဆင့် နှင့် ကျန်းမာရေး ဝန်ထမ်းများအား လမ်းညွှန်ချက်များကို လိုက်နာရန်နှင့် ဆက်သွယ်ရေး အထောက်အကူပစ္စည်းနှင့် နည်းလမ်းများ၊ သတင်းစကားများကို ဖြန့်ဝေရန် ညွှန်ကြားရန်	မြို့နယ်ကျန်းမာ ရေးဦးစီးမှူးမှ ကျန်းမာရေး ဝန်ထမ်းများအား ဆက်သွယ်ရေး အထောက် အကူပစ္စည်းနှင့် နည်းလမ်းများ၊ သတင်း စကားများကို မည်သို့ သုံးစွဲရမည် ဆိုသည်ကို လမ်းညွှန်ပေးရန်	ကျန်းမာရေး ဝန်ထမ်းများသည် လူငယ်များတွင် အဖြစ်များသည့် ကျန်းမာရေး ပြဿနာများ၊ ရောဂါများအကြောင်း နားလည် သဘောပေါက်စေရန် အရွယ်ရောက်ပြီးသူ လူနာများအပါအဝင် ရပ်ရွာလူထုအား အသိပေး ပြောကြားရန် (တစ်ဦးချင်းနှင့် အုပ်စုငယ် ဆွေးနွေးပွဲများ၊ ကဇာတ်နှင့်ရေဒီယို နားထောင်ခြင်းအဖွဲ့များ၊ စသည်တို့မှတဆင့်)

၃။ အရည်အသွေးစံနှုန်း ၃ ပြည့်မီရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ

စံနှုန်း ၃ - ကျန်းမာရေးဝန်ထမ်းများသည် လူငယ်များအတွက် ကျန်းမားရေးကို ထိရောက်စွာ၊ နားလည် စာနာမှုအပြည့်ဖြင့် စောင့်ရှောက်မှုပေးနိုင်ရန်အတွက် လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ရှိရပါမည်။ ကျန်းမာရေးစောင့်ရှောက်မှုကို မှန်ကန်ကောင်းမွန်စွာ ပေးနိုင်ရပါမည်။

ဆယ်ကျော်သက် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်	နိုင်ငံအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	မြို့နယ်အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	ကျန်းမာရေးဌာနအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ
ကျန်းမာရေး ဝန်ထမ်းများ သည် ကျန်းမာရေးဌာနသို့ လာရောက်သော လူငယ်များ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုကို လိုအပ်သလိုပေးနိုင်ရန် အရည်အသွေးပြည့်ဝခြင်း	ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် WHO, UNFPA, UNICEF တို့နှင့် ပူးပေါင်းက (က) အခြေခံသင်တန်းနှင့် လုပ်ငန်းအထောက်အကူ ပစ္စည်းများကို ပြင်ဆင်ပေးရန် (ခ) ကျန်းမာရေး ဝန်ထမ်းများ အားလုံး အတွက် ဆယ်ကျော်သက် ကျန်းမာရေး သင်တန်း အစီအစဉ်ကို ရေးဆွဲရန် (ဂ) ဆယ်ကျော်သက် ကျန်းမာရေး စောင့်ရှောက်မှု များအတွက် အစီရင်ခံ တင်ပြသည့် စနစ်တစ်ခု ပြုလုပ်ကာ ကျန်းမာရေး သတင်း စနစ်အတွင်းသို့ ထည့်သွင်းရန်	ပြည်နယ်၊ တိုင်းအဆင့်မှ (က) သက်ဆိုင်ရာ မြို့နယ်များတွင် ရေးဆွဲထားသော အစီအစဉ်များကို မည်သို့လက်တွေ့ အကောင်အထည် ဖော်ကြမည် ဆိုသည်ကို မြို့နယ်ကျန်းမာရေး ဦးစီးမှူးများနှင့် ဆွေးနွေးရန် (ခ) ကျန်းမာရေး ဝန်ထမ်းများအတွက် နည်းပြသင်တန်းများကို စီစဉ်ပေးရန်	မြို့နယ်ကျန်းမာရေး ဦးစီးမှူးသည် ကျန်းမာရေး ဝန်ထမ်းများအတွက် ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေး သင်တန်းများကို ကျင်းပကာ သင်တန်းပေးရန်	ကျန်းမာရေး ဝန်ထမ်းများသည် လူငယ်များအား သင့်တော်မှန်ကန်သော ကျန်းမာရေး ဝန်ဆောင်မှု ပေးရန်
လူငယ်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်း လမ်းညွှန်များနှင့် အထောက်အကူ ပစ္စည်းများကို ကျန်းမာရေး ဝန်ထမ်းများက လိုက်နာဆောင်ရွက်ခြင်း	ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် လူငယ် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းလမ်းညွှန်များ သတ်မှတ် ပြဌာန်းရန်နှင့် အထောက်အကူ ပစ္စည်းများကို ကျန်းမာရေး ဝန်ထမ်းများက လိုက်နာ ဆောင်ရွက်ရန်အတွက် ညွှန်ကြားချက်များ ပြုလုပ်ရန်	ပြည်နယ်နှင့် တိုင်းအဆင့် တာဝန်ရှိသူများမှ မြို့နယ်အဆင့် ဝန်ထမ်းရှိသူများအား လမ်းညွှန်မှုများ ပြုလုပ်ပြီး ကွင်းဆင်းကြီးကြပ် စစ်ဆေးရန်	ကျန်းမာရေး ဝန်ထမ်းများ အားလုံး လူငယ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း လမ်းညွှန်များနှင့် အထောက်အကူ ပစ္စည်း များကို ကျန်းမာရေး ဝန်ထမ်းများက လိုက်နာ ဆောင်ရွက်ခြင်း ရှိမရှိ ကြီးကြပ်စစ်ဆေးရန်	ကျန်းမာရေး ဝန်ထမ်းများမှ လူငယ်များအတွက် ကျန်းမာရေးဝန်ဆောင်မှု ပေးရာတွင် အကဲဖြတ်ခြင်း၊ ရှုံချခြင်းများမပြုဘဲ သင့်တော်မှန်ကန်သော နည်းလမ်းများဖြင့် ထောက်ပံ့ပေးရန်အတွက် အထောက်အကူ ပစ္စည်းများနှင့် လမ်းညွှန်များအတိုင်း လိုက်နာဆောင်ရွက်ရန်
ကျန်းမာရေး ဝန်ထမ်းများသည် လူငယ်များအား ၎င်းတို့ လိုအပ်သော ဝန်ဆောင်မှုများ အတွက် လွှဲပြောင်းပေးနိုင်ရန် ဌာနမှ တာဝန်ယူထားရသော နယ်မြေအတွင်းတွင်ရှိ အခြားသော အဖွဲ့အစည်းများ၊ ဆေးရုံများနှင့် ညွှန်းပို့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ယန္တရား တည်ရှိခြင်း	ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့်တွင် အခြားသော အဖွဲ့အစည်းများ၊ ဆေးရုံများနှင့် ညွှန်းပို့ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း ယန္တရား တည်ဆောက်နိုင်ရေး အတွက် လမ်းညွှန်ရန်	ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများမှ မြို့နယ်ကျန်းမာရေး ဦးစီးမှူးသို့ လမ်းညွှန်ချက်များ ဆက်လက် ပြုလုပ်ရန်	မြို့နယ် ကျန်းမာရေး ဦးစီးမှူးမှ လူငယ်ကျန်းမာရေး လုပ်ငန်းစီမံချက် လုပ်ဆောင် နေသော အဖွဲ့အစည်းများ (အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ဆေးခန်းများ) ကိုဖော်ထုတ် ပြီး ညွှန်းပို့ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း ယန္တရား တည်ဆောက်ရန်	ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေး ဝန်ဆောင်မှု၊ အကြံဉာဏ်နှင့် ကူညီထောက်ပံ့မှုများ လိုအပ်နေသော လူငယ်များ ကိုသင့်တော်သော အဖွဲ့အစည်း၊ ဆေးရုံများသို့ လွှဲပြောင်းပေးပို့ရန်

၄။ အရည်အသွေးစံနှုန်း ၄ ပြည့်မီရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ

စံနှုန်း ၄ - ကျန်းမာရေးဌာနများသည် လိုအပ်သော ကျန်းမာရေးသတင်းအချက်အလက်၊ နှစ်သိမ့်ဆွေးနွေး ပညာပေးမှု၊ ဆေးဝါး [illegible]များနှင့် လူငယ်စောင့်ရှောက်မှုများကို ချက်ချင်းလက်ငင်းသော်လည်းကောင်း၊ လွှဲပြောင်း ညွှန်းပို့ပေးခြင်းဖြင့်သော်လည်း [illegible] စုံလင်စွာ ပံ့ပိုးပေးရမည်။ ထိုသို့ ပံ့ပိုးရန်အတွက် ကျန်းမာရေးဌာနများတွင် ပစ္စည်းကိရိယာများ၊ ဆေးဝါးများနှင့် ထောက်ပံ့ပစ္စည်းများ ရှိရမည်။ ကျန်းမာရေးဌာနများသည် လူငယ်များအတွက် နွေးထွေး၍ ၎င်းတို့အား ဆွဲဆောင်နိုင်သော နေရာများဖြစ်ရမည်။ သီးသန့်လုံခြုံမှုနှင့် လျှို့ဝှက်ထိန်းသိမ်းမှုရှိကြောင်း လူငယ်များအား အာမခံနိုင်ရမည်။

ဆယ်ကျော်သက် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်	နိုင်ငံအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	မြို့နယ်အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ	ကျန်းမာရေးဌာနအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ
ကျန်းမာရေး ဌာနများသည် လူငယ်များ လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ဆေးဝါး၊ ပစ္စည်းကိရိယာများ ပြည့်စုံစွာ ထားရှိခြင်း	ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာ ကျန်းမာရေးဌာန အဆင့်အလိုက် လူငယ်များအတွက် ဖြည့်ဆည်းပေးရမည့် ဝန်ဆောင်မှုများကို စာရင်းပြုစုရန်။ ပြုစုထားသော စာရင်းအရ ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် လိုအပ်သော ဆေးဝါး၊ ပစ္စည်း ကိရိယာများ ပြည့်စုံစွာ ဖြည့်တင်းပေးရန်	ပြုစုထားသော ဝန်ဆောင်မှု စာရင်းကို ပြည်နယ်နှင့် တိုင်းအဆင့်မှ မြို့နယ်အဆင့်သို့ လက်ဆင့်ကမ်းရန်။ လိုအပ်သော ဆေးဝါး၊ ပစ္စည်းကိရိယာများကို ဖြန့်ဝေပေးရန်။ ပြည်နယ်နှင့် တိုင်းအဆင့်တွင် ပေးအပ်မည့် ဝန်ဆောင်မှုများကို ရရှိနိုင်ကြောင်း သေချာစေရန်။ ကွင်းဆင်းကြီးကြပ် စစ်ဆေးရန်	မြို့နယ် ကျန်းမာရေး ဦးစီးမှူးမှ လမ်းညွှန်ချက် များပေး၍ လိုအပ်သော ဝန်ဆောင်မှုများ ကောင်းမွန်စွာ ပေးစေရန် သို့မဟုတ် အခြားနေရာ များသို့ စနစ်တကျ လွှဲပြောင်းပေးပို့စေရန်	ကျန်းမာရေးဌာန တာဝန်ရှိသူမှ လူငယ်များအတွက် လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများ စနစ်တကျ ပေးနိုင်ရေးအတွက် လိုအပ်သော ဆေးဝါး၊ ပစ္စည်းကိရိယာများ လုံလောက်စွာ ရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်
ကျန်းမာရေး ဌာနများသည် လူငယ်များအတွက် စိတ်ချလုံခြုံပြီး လူငယ်များအား ဆွဲဆောင်နိုင်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်း (တည်နေရာ၊ ဖွင့်ချိန်၊ သီးသန့်တည်ရှိခြင်း)	ကျန်းမာရေး ဌာနသည် သွားလာရ လွယ်ကူပြီး သန့်ရှင်း၍ လူငယ်များကို ဆွဲဆောင်နိုင်သော နေရာတစ်ခု ဖြစ်အောင် မည်သို့ ဆောင်ရွက်ရမည် ဆိုသည်ကို ကျန်းမာရေး ဦးစီးဌာနမှ လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ရန်။ လမ်းညွှန်ချက်များ နှင့်အညီ ကျန်းမာရေးဌာနကို အဆင့်မြှင့်တင်ရေး အတွက်လည်း လိုအပ်သော ပံ့ပိုးမှုများပေးရန်	လမ်းညွှန်မှုများ ဆက်လက်ပေးကာ ကျန်းမာရေးဌာနအား သွားလာရလွယ်ကူပြီး သန့်ရှင်း၍ လူငယ်များကို ဆွဲဆောင်နိုင်သော နေရာတစ်ခု ဖြစ်အောင်ထားရှိရန် မြို့နယ်ကျန်းမာရေး ဦးစီးမှူးများအား ညွှန်ကြားရန်။ လိုအပ်သော ပံ့ပိုးမှုများ ပေးရန်	ကျန်းမာရေး ဌာနအား သွားလာရလွယ်ကူပြီး သန့်ရှင်း၍ လူငယ်များကို ဆွဲဆောင်နိုင်သော၊ သီးသန့် နေရာတစ်ခု ဖြစ်အောင် ထားရှိရန် မြို့နယ်ကျန်းမာရေး ဦးစီးမှူးများမှ အခြေခံ ကျန်းမာရေး ဝန်ထမ်းများအား ညွှန်ကြားရန်	အခြေခံ ကျန်းမာရေး ဝန်ထမ်းက လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ပြီး ကျန်းမာရေး ဌာနအား သန့်ရှင်းအောင် ထိန်းသိမ်း၍ ရေနှင့် နေရာထိုင်ခင်းများ ကောင်းမွန်အောင် ထားရှိပြီး လူငယ်များအတွက် လုံခြုံမှုရှိသော သီးသန့်နေရာ အဖြစ် ဖန်တီးပေးရန်
ကျန်းမာရေးဌာနမှ တာဝန်ယူထားသော နယ်မြေအတွင်း လူငယ်များအား အသိပညာပေးရန် လိုအပ်သော သင်ထောက်ကူ ပစ္စည်းများ လုံလောက်စွာရှိခြင်း	ကျန်းမာရေး ဦးစီးဌာနမှ လူငယ်များအား အသိပညာပေးရန် လိုအပ်သော သင်ထောက်ကူ ပစ္စည်းများကို ရေးဆွဲ၍ ဖြန့်ဝေပေးရန်	ပြည်နယ်နှင့် တိုင်းအဆင့်မှ လူငယ်များအား အသိပညာပေးရန် လိုအပ်သော သင်ထောက်ကူ ပစ္စည်းများကို ကျန်းမာရေး ဌာနများသို့ ဖြန့်ဝေရာတွင် နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ အချိန်မီ ရောက်ရှိအောင် ဆောင်ရွက်ပေးရန်	မြို့နယ်ကျန်းမာရေး ဦးစီးမှူးမှ ကျန်းမာရေး ဝန်ထမ်းများအား လူငယ်များအား အသိပညာပေးရန် လိုအပ်သော သင်ထောက်ကူ ပစ္စည်းများကို ဖြန့်ဝေပေးရန်	ကျန်းမာရေးဝန်ထမ်းများမှ သင်ထောက်ကူ ပစ္စည်းများကို အသုံးပြု၍ ကျန်းမာရေးဌာနတွင်းနှင့် လူထုအတွင်း တိကျမှန်ကန်သော အသိပညာများကို လူငယ်များအားဖြန့် ဝေပေးရန်

နောက်ဆက်တွဲ။ ဆယ်ကျော်သက်နှင့် လူငယ်မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ခြင်း လုပ်ငန်းစဉ်

နိဒါန်း

ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုပေးသော ဌာနတိုင်းသည် အရည်အသွေးမြှင့်တင်ရေး လုပ်ဆောင်ချက်များကို မှန်မှန် (ဥပမာ- ၃-၄လ လျှင်တစ်ကြိမ်ခန့်) ပြုလုပ်သင့်သည်။ ယင်းလုပ်ဆောင်မှုများတွင် ရပ်ရွာလူထုနှင့်စည်းဝေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများအား တွေ့ဆုံမေးမြန်းခြင်း၊ ဖြစ်နိုင်ပါက ဝန်ဆောင်မှုများကို ကြည့်ရှုစစ်ဆေးခြင်း တို့ပါဝင်သည်။

ထိုဆောင်ရွက်ချက်များကို အချက်အလက်များစုဆောင်းခြင်း ဟုခေါ်သည်။ ထို့နောက် ကျန်းမာရေးဌာနရှိ ဝန်ထမ်းအားလုံးတက်ရောက်သော အစည်းအဝေးတစ်ခုကျင်းပပြီး ဆယ်ကျော်သက်နှင့် လူငယ်မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာ မေးခွန်းများကို မေးမြန်းပါမည်။ အစည်းအဝေး၌ လာမည့် ၃-၄ လအတွင်းဖြေရှင်းရမည့် ပြဿနာများကို ဖော်ထုတ်ပြီး ၎င်းပြဿနာများကိုဖြေရှင်းနိုင်ရန်အတွက် လုပ်ဆောင်ရမည့် အစီအမံများကို ရေးဆွဲရမည်။

အချက်အလက်စုဆောင်းခြင်း

၁။ သင်၏ရပ်ရွာတွင်းမှ လူငယ်များပါဝင်သောအဖွဲ့၊ ရပ်ရွာခေါင်းဆောင်များပါသောအဖွဲ့ တို့နှင့်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်သည့် ၎င်းတို့၏အမြင်ကိုမေးပါ။

လူငယ်များနှင့် တွေ့ဆုံရာတွင် အောက်ပါအကြောင်းအရာများကို ဆွေးနွေးပါ။

(က) ဆယ်ကျော်သက်ကျန်းမာရေးနှင့် ပတ်သက်သည့်ဗဟုသုတ မည်မျှရှိသည်ကို ခန့်မှန်းပါ။ ဆေးလိပ်၊အရက်တို့နှင့်ဆိုင်သော သာမာန်မေးခွန်းများ အရင်မေးပါ။ ၎င်းတို့ ဖြေဆိုရန် ဆန္ဒရှိလျှင် ပိုမိုခက်ခဲသော မေးခွန်းများဖြစ်သည့် မျိုးဆက်ပွားကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မေးခွန်းများဆက်မေးပါ။ မေးခွန်းများမေးခြင်းဖြင့် ၎င်းတို့၏ဗဟုသုတကိုခန့်မှန်းနိုင်ရုံသာမက ဤအခွင့်အရေးကို အကြောင်းပြု၍ ပညာပေးခြင်းကိုပါ လုပ်ဆောင်နိုင်သည်။

(ခ) ၎င်းတို့အား ဒေသတွင်းရှိကျန်းမာရေးဌာနများမှ မည်သည့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ကြောင်းမေးမြန်းပြီး စာရင်းပြုစုပါစေ။ ကျန်းမာရေး ပြဿနာတစ်ခုခုရှိပါက ကျန်းမာရေးဌာနသို့ သွား မသွား မေးပါ။ အကြောင်းရင်းကိုလည်းမေးပါ။

(ဂ) အကယ်၍လူငယ်များသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရေးဆွဲခြင်း၊ ဆန်းစစ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့၌ (ဥပမာ-ဒေသတွင်းရှိ လူငယ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍) ပါဝင်ဆောင်ရွက် လျက်ရှိပြီးဖြစ်ပါက ၎င်းတို့၏ဆောင်ရွက်နေမှုများကို မေးပါ။ ၎င်းတို့၏လုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် အကြံပြုချက်များ ရှိမရှိမေးပါ။ အကယ်၍ ၎င်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိသေးပါက ပါဝင်ဆောင်ရွက်ရန် စိတ်ဝင်စားခြင်း ရှိမရှိမေးပါ။ သက်ရွယ်ဆင့်တူပညာပေးသူများအဖြစ် ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုရရှိသူများအား တွေ့ဆုံမေးမြန်းခြင်း၊ ကျန်းမာရေးဌာနများ၏ အရည်အသွေး မြှင့်တင်ရေး သုံးလပတ်အစည်းအဝေးများတွင် ပါဝင်တက်ရောက် ဆွေးနွေးခြင်း စသည်တို့ကို လုပ်ဆောင်ရန် အကြံပြုပါ။

ရပ်ရွာခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် အောက်ပါအကြောင်းအရာများကိုဆွေးနွေးပါ။

(က) ဆယ်ကျော်သက် နှင့်လူငယ်ကျန်းမာရေးစောင့်ရှောက်မှု၏ အကျိုးကျေးဇူးများကို ဆွေးနွေးပါ။ ၎င်းအကျိုးကျေးဇူးများကို ရပ်ရွာခေါင်းဆောင်များမှ လက်ခံခြင်းရှိမရှိ၊ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း လက်ခံခြင်းရှိမရှိ ဆွေးနွေးပါ။ လိုအပ်ပါက ဤအခွင့်အရေးကို အကြောင်းပြု၍ ရပ်ရွာခေါင်းဆောင်များအား ဆယ်ကျော်သက်နှင့် လူငယ် ကျန်းမာရေးစောင့်ရှောက်မှု၏ အကျိုးကျေးဇူးများအကြောင်းကိုရှင်းပြပြီး အသိပေး ပြောကြားပါ။

(ခ) ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ မည်သို့ထင်မြင်ပါသနည်း။ ပိုမို တိုးတက်အောင် ဆောင်ရွက်ရမည့်အရာများ ရှိပါသလား။ ရပ်ရွာခေါင်းဆောင်များ အနေဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ပိုမို အားကောင်းလာအောင် မည်ကဲ့သို့ ဆောင်ရွက်နိုင်ပါသနည်း။ ဆယ်ကျော်သက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမို ကောင်းမွန်လာအောင် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင် ပါသနည်း။ အခြားအဖွဲ့အစည်း များမှလည်း မည်သည့်အရာများ ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါသနည်း စသည့် မေးခွန်းများမေးပါ။

၂။ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများအား တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ပါ။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အရည်အသွေးအား ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများ၏ ရှုထောင့်အမြင်ကို တွေ့ဆုံမေးမြန်းခြင်းဖြင့် တိုင်းတာခြင်းဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် မိမိတို့သိရှိနားလည်ထားမှုများကို ပိုမိုပြည့်စုံစေသည့်အပြင် မိမိတို့လုပ်ငန်းတိုးတက်မှုများကိုလည်း ပို၍လွယ်ကူစွာ သိရှိနိုင်မည်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများဘက်မှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပေါ် ၎င်းတို့၏အမြင်ကို ဆန်းစစ်ရန် အသုံးပြုသော မေးခွန်းများသည် ဆယ်ကျော်သက် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အမျိုးသားအဆင့်စံနှုန်းများနှင့် ကိုက်ညီအောင် ပြုစုထားခြင်းဖြစ်သည်။

မေးခွန်းများကို မည်သူမေးမည်နည်း။

မေးခွန်းမေးရန် နည်းလမ်း(၃)သွယ်ရှိသည်။

(က) ပထမနည်းမှာ သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုအား တွေ့ဆုံမေးမြန်းစေခြင်းဖြစ်သည်။ အားသာချက်များမှာ ရည်ရွယ်ချက်ကိုထိရောက်ခြင်းနှင့် အရည်အသွေး ပိုမိုပြည့်ဝခြင်းတို့ဖြစ်သည်။ အားနည်းချက်အနေဖြင့် ငွေကုန်ကြေးကျများနိုင်သည်။ သို့သော် ၎င်းအဖွဲ့အစည်းမှာ ဆယ်ကျော်သက် လူငယ်အုပ်စုဖြစ်ပါက ငွေကုန်ကြေးကျ သက်သာမည်ဖြစ်သည်။ ၎င်းတို့ကိုယ်တိုင် ခံယူရရှိမည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုတိုးတက် ကောင်းမွန်လာရေးအတွက် ၎င်းတို့ကိုယ်တိုင် ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်းပင် ဖြစ်ပေမည်။

(ခ) တတိယနည်းမှာ မိမိတို့ဝန်ထမ်းအား မေးခွန်းများကို မေးစေခြင်းဖြစ်သည်။ အဖြေများကို စာအုပ်ထဲတွင် ရေးသွင်းမှတ်တမ်းတင်နိုင်သည်။ အားနည်းချက်မှာ ကျန်းမာရေး စောင့်ရှောက်မှုခံယူသူဘက်မှ (အားနာသမှု လေးစားသမှုဖြင့်) အကောင်းဘက်ကိုတိမ်း၍ ဖြေဆိုခြင်းဖြစ်နိုင်သည်။ ထို့အပြင် ဝန်ထမ်းတစ်ဦးတည်းသာရှိသော ကျန်းမာရေးဌာနဖြစ်ပါက အဆင်ပြေနိုင်မည်မဟုတ်ပါ။

(ဂ) တတိယနည်းမှာ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူအား မေးခွန်းပုံစံစာရွက်ပေါ်တွင် ကိုယ်တိုင်ဖြည့်သွင်း၍ သော့ပိတ်ထားသောပုံးအတွင်းထည့်စေခြင်းဖြစ်သည်။ သုံးလကြာပြီးနောက် ကျန်းမာရေးဌာနဝန်ထမ်းတစ်ဦးအား ထိုပုံးကိုဖွင့်ဖောက်ပြီး မေးခွန်းတစ်ခုချင်းစီအတွက် ပျမ်းမျှအမှတ်များကို ရေတွက်စေခြင်းဖြစ်သည်။ အားသာချက်မှာ လွယ်ကူလျင်မြန်၍ ကုန်ကျစရိတ်သက်သာသည့်အပြင် မေးခွန်းဖြေဆိုမည့်သူအတွက်လည်း လွတ်လပ်ရိုးသားစွာဖြေဆိုနိုင်မည် ဖြစ်သည်။ အားနည်းချက်မှာ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် အလွန်နှစ်သက်သူများနှင့် အလွန်မနှစ်သက်သူများကသာ မေးခွန်းပုံစံကို ဖြေဆိုဖြည့်စွက်ခြင်းမျိုး ဖြစ်နိုင်သည်။

မည်သည့်နည်းလမ်းကို အသုံးပြုသည်ဖြစ်စေ မေးခွန်း ၈၀ ခန့် အသုံးပြုရမည်ဖြစ်ပြီး နည်းလမ်းတစ်ခုကို အသုံးပြုရန်ရွေးချယ်ပြီးပါက အခြားနည်းလမ်းတစ်ခုကို ပြောင်းလဲအသုံးပြုရန်မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် မတူညီသောနည်းလမ်းများကို အသုံးပြုပြီး ရရှိလာသော ရလဒ်များကို နှိုင်းယှဉ်အကဲဖြတ်၍ မရသောကြောင့်ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းခြင်း မည်သို့ပြုလုပ်မည်နည်း။

မေးခွန်းများအား သတ်မှတ်ထားသော အချိန်အတွင်းပြီးစီးအောင် မေးမြန်းရပါမည်။ သို့မှသာ ရာသီဥတု၊ ရုံးပိတ်ရက် စသည်တို့၏သက်ရောက်မှုမှ ကင်းဝေးမည်ဖြစ်သည်။ ထို့ကြောင့် မေးခွန်း ၈၀ လုံးအား ၁-၂ ပတ်အတွင်း ပြီးအောင်မေးခြင်းထက် တစ်ရက်လျှင် ၁-၂ ယောက်အား တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်သင့်ပါသည်။

အချက်အလက်စုဆောင်းခြင်းကို တစ်ပြေးညီဖြစ်စေရန်အတွက် နေ့စဉ် လူတစ်ဦးကိုသာ မေးမြန်းရန် အကြံပြုပါသည်။ ဥပမာ - နံနက်(၉)နာရီနောက်ပိုင်း လာရောက်သော ၁၀-၂၄နှစ် ကြားရှိကျန်းမာရေးစောင့်ရှောက်မှု ပထမဆုံးခံယူသူအား မေးခွန်းပုံစံကို ဖြေဆိုစေရန်ဖြစ်သည်။ သို့သော် ဤသို့ပြုလုပ်ရာတွင် မိမိ ကျန်းမာရေးဌာနနှင့် ဆီလျော်မှုရှိအောင် သတ်မှတ်ထားရန် လိုအပ်သည်။ အရေးကြီးသည်မှာ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်ပင်ဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်ခြင်း

ပျှမ်းမျှရလာဒ်တွက်ချက်ရာတွင် မတူညီသောအဖြေများအတွက် မတူညီသောရမှတ်များပေးရမည်။ (ဥပမာ အဖြေ ၁ အတွက် ၁ မှတ်၊ အဖြေ ၂အတွက် ၂မှတ် စသည်. .) ရလဒ်ကိုတွက်ချက်ရာတွင် ဖြေဆိုသူအားလုံး၏ ပျမ်းမျှရမှတ်ကိုသာ တွက်ချက်ရမည်။

ထို့နောက် မိမိကိုယ်မိမိ မေးခွန်းမေးမြန်းရန်လိုအပ်သည်။ မည်သည့်အဆင့်ကို ကောင်းသည်ဟုသတ်မှတ်မည်၊ မည်သည့်အဆင့်ရလျှင် ကျေနပ်ဖွယ်ရာဖြစ်မည် စသည့်မေးခွန်းများမေးမြန်းရန် လိုအပ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများအား မေးမြန်းခြင်းအတွက် အနိမ့်ဆုံးရမှတ်ကို၄မှတ်ဟု သတ်မှတ်ထားသည်ဆိုပါစို့။ အကယ်၍ မေးခွန်းတစ်ခုအတွက် ပျမ်းမျှရမှတ်သည် ၄ထက် နိမ့်နေပါကထိုကိစ္စနှင့်ပတ်သက်ပြီး မည်သို့တိုးတက်အောင် လုပ်ဆောင်ရမည်ကို ဆက်လက်ဆွေးနွေးအဖြေရှာရမည် ဖြစ်ပါသည်။



၃။ လမ်းညွှန်စည်းမျဉ်းများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်း ရှိ မရှိကို ကြီးကြပ်ရေးမှူးတစ်ဦးက စောင့်ကြပ်ကြည့်ရှုရန် တာဝန်ပေးပါ။

ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်အတွင်း လုပ်ဖော်ကိုင်ဖက်တစ်ဦး သို့မဟုတ် ကြီးကြပ်ရေးမှူးတစ်ဦးက စောင့်ကြပ်ကြည့်ရှု၍ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို သတ်မှတ် အမှတ်ပေးစည်းမျဉ်းအတိုင်း စစ်ဆေးရန်ဖြစ်သည်။ ဆေးကုသမှုအတွက် စစ်ဆေးရန်အချက်များ၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းအတွက် စစ်ဆေးရန်အချက်များ စသည်တို့ကို အသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို အကဲဖြတ်နိုင်မည်ဖြစ်သည်။

ဆယ်ကျော်သက်နှင့်လူငယ် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ကောင်းမွန်စွာ လည်ပတ်နေပြီဆိုပါက ထိုဆန်းစစ်မှုများကို မကြာခဏပြုလုပ်ရန် မလိုတော့ပါ။ သို့သော် ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အတိုင်းလည်ပတ်နေကြောင်း သေချာစေရန်အတွက် တစ်နှစ်လျှင်တစ်ကြိမ် ဆန်းစစ်တိုင်းတာသင့်သည်။

အမှတ်ပေးစည်းမျဉ်းကို မည်သို့အသုံးပြုမည်နည်း။

အမှတ်ပေးစည်းမျဉ်းသည် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူတစ်ဦးပြုလုပ်ရမည့် အဆင့်များကို အခြေခံကာ ရေးဆွဲထားခြင်းဖြစ်သည်။ တစ်ချက်ချင်းစီအတွက် အမှတ်များသတ်မှတ်ထားသည်။ ကောင်းမွန်မှန်ကန်စွာ ဆောင်ရွက်သော အလုပ်တစ်ခုအတွက် ၂ မှတ်ပေးရန်ဖြစ်ပြီး၊ မပြည့်စုံသောလုပ်ဆောင်ချက်တစ်ခုအတွက် ၁ မှတ်ပေး၍ လုပ်ဆောင်သင့်လျက်မလုပ်ဆောင်မိခြင်းအတွက် ၀ မှတ်ပေးရန်ဖြစ်သည်။ စောင့်ကြပ်ကြည့်ရှုခြင်း၏အဆုံး၌ ရမှတ်များကိုပေါင်းပြီး အမြင့်ဆုံးရနိုင်သည့်အမှတ်နှင့်စား၍ ၁၀၀ နှင့် မြှောက်ရန်ဖြစ်သည်။ ရလဒ်ကို ရာခိုင်နှုန်း အနေဖြင့်ရရှိမည်။ ဤအမှတ်ပေးစနစ်သည် စောင့်ကြပ်ကြည့်ရှုသူ၏ အမြင်အပေါ် အခြေခံသည့်အတွက် ရလဒ်၏တိကျမှန်ကန်မှုသည် ၅ရာခိုင်နှုန်း အပိုအလို ရှိနိုင်သည်။

ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်ခြင်း

ညွှန်းကိန်းတစ်ခုချင်းစီအတွက် "သတိပေးအဆင့်" သတ်မှတ်ရန်လိုအပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ၏ ကျေနပ်မှုကိုအကဲဖြတ်ခြင်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို မြှင့်တင်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ခံယူသူအကြား ဆက်ဆံရေးကိုအကဲဖြတ်ရန် အမှတ်ပေးစည်းမျဉ်းတွင် သတိပေးအဆင့်ကို ၈၀ရာခိုင်နှုန်း၌ သတ်မှတ်နိုင်သည်။ သို့မှသာ ကျန်းမာရေးစောင့်ရှောက်မှု စံနှုန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရန် ပိုမိုလွယ်ကူစေမည်ဖြစ်သည်။

သတိပေးအဆင့်ထက် ရမှတ်နိမ့်သောဝန်ထမ်းများအား ကြီးကြပ်သူမှ အနီးကပ်လမ်းညွှန်ပြသပေးရန် ပိုမိုလိုအပ်ပါသည်။

စောင့်ကြပ်ကြည့်ရှုစစ်ဆေးစဉ် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ၏ အခွင့်အရေး

စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းပြုလုပ်စဉ် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူ၌ သီးသန့်မှုရှိနှင့် လျှို့ဝှက်ထိန်းသိမ်းပေးမှုတို့ရှိသင့်ကြောင်း ထည့်သွင်းစဉ်းစားရမည်။ ခန္ဓာကိုယ်ကို စမ်းသပ်စစ်ဆေးမှု ခံယူရာတွင် ကာယကံရှင်၏အရှက်သိက္ခာအတွက် သီးသန့်လုံခြုံသော ပတ်ဝန်းကျင်၌ ပြုလုပ်ရမည်ဖြစ်သည်။ ခန္ဓာကိုယ်ကိုစမ်းသပ်စစ်ဆေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း သို့မဟုတ် အခြားကျန်းမာရေးစောင့်ရှောက်မှုများကို ခံယူခြင်းတို့တွင် အခန်းတွင်း၌ ရှိနေမည့်သူများ အားလုံး၏ အခန်းကဏ္ဍကို ကျန်းမာရေးစောင့်ရှောက်မှု ခံယူမည့်သူအား ရှင်းလင်းပြောပြရန် လိုအပ်သည်။ (ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်သူ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသူ၊ ကြီးကြပ်သူ စသည်ဖြင့်) စောင့်ကြပ်ကြည့်ရှုစစ်ဆေးသူအတွက် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူထံမှ ခွင့်ပြုချက်တောင်းခံရမည်။ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူမှ ငြင်းပယ်လျှင်လည်း ၎င်းခံယူမည့် ကျန်းမာရေးစောင့်ရှောက်မှုအပေါ် မည်သည့်အကျိုးသက်ရောက်မှုမျှ မရှိစေရပါ။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ခံယူသူအကြား ဆက်ဆံရေးကို စောင့်ကြပ်ကြည့်ရှုရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်သူထံမှ ခွင့်ပြုချက်ရရှိရန်လည်း လိုအပ်ပါသည်။ စောင့်ကြပ်ကြည့်ရှုသူသည် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပါဝင်မည်မဟုတ်ကြောင်းကိုလည်း ကျန်းမာရေး စောင့်ရှောက်မှုပေးသူမှ ရှင်းပြပြောဆိုရပါမည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် စောင့်ကြပ်ကြည့်ရှုသူထံမှ အလွန်အရေးကြီးသော အရေးပေါ် အခြေအနေများမှလွဲ၍ ထင်မြင်ချက် သို့မဟုတ် အကြံဉာဏ်မတောင်းခံရပါ။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် စောင့်ကြပ်ကြည့်ရှုသူ ရှိမနေသကဲ့သို့ သဘောထား၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးရပါမည်။ စောင့်ကြပ်ကြည့်ရှုသူသည် ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့် ခံယူသူအကြား ပြောဆိုဆက်ဆံနေမှုများကို ကောင်းစွာမြင်နိုင် ကြားနိုင်သော အကွာအဝေးတွင် ရှိနေရပါမည်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းမစတင်မီ ကျန်းမာရေး စောင့်ရှောက်မှုပေးမည့်သူ (စောင့်ကြပ်ကြည့်ရှုမည့်သူမဟုတ်) က ကျန်းမာရေး စောင့်ရှောက်မှု ခံယူမည့်သူအား စောင့်ကြပ်ကြည့်ရှုသူရှိနေခြင်းကို လက်ခံနိုင်ခြင်း ရှိ မရှိမေးပါ။ ကျန်းမာရေး စောင့်ရှောက်မှုခံယူမည့်သူသည် မိမိတွင် ငြင်းပိုင်ခွင့်ရှိကြောင်း နားလည်ထားရမည်။ အကယ်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူမည့်သူသည် စောင့်ကြပ်ကြည့်ရှုသူရှိနေခြင်းကို ငြင်းဆန်ပါက ကျန်းမာရေးစောင့်ရှောက်မှုကိုမပေးခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း မပြုလုပ်ရပါ။

ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်အတွင်း

စောင့်ကြပ်ကြည့်ရှုသူရှိနေခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ခံယူသူအကြား ဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှု ရှိနေမည်မှာ အသေအချာပင်ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ခံယူသူတို့သည် စောင့်ကြပ်ကြည့်ရှုသူ ရှိနေသည့်အတွက် မိမိတို့ပြောဆိုပြုမူနေမှုများအပေါ် ပိုမိုသတိထားစေပါသည်။ စောင့်ကြပ်ကြည့်ရှုသူရှိနေခြင်းသည် လူအများအား မိမိ၏ ပုံမှန်လုပ်ငန်းများလုပ်ဆောင်ရာတွင် အနှောက်အယှက်ဖြစ်စေနိုင်ပါသည်။ မမေ့လျော့သင့်သော အရာများကို မေ့လျော့ခြင်း၊ မမှားသင့်သောအရာများကို မှားယွင်းလုပ်ဆောင်ခြင်းများ ဖြစ်စေနိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပွားပါက စောင့်ကြပ်ကြည့်ရှုသူသည် ထိုအခြေအနေကို နားလည်ရမည်ဖြစ်ပါသည်။ စောင့်ကြပ်ကြည့်ရှုသူသည် မိမိကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ခံယူသူတို့ အနှောက်အယှက်မဖြစ်အောင် တတ်နိုင်သမျှနေရပါမည်။ ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့် ခံယူသူ နှစ်ဦးစလုံး၏အမြင်အာရုံမှ လွတ်ကင်းသောနေရာမျိုးကို ရွေးချယ်၍ထိုင်ရပါမည်။

စောင့်ကြပ်ကြည့်ရှုသူသည် မြင်ကြားသမျှကို မှတ်သားနိုင်ရန်အတွက် စောင့်ကြပ်ကြည့်ရှုသူ လမ်းညွှန်ကို ရေးသားပြုစုထားရန်လိုအပ်ပါသည်။ အစီအစဉ်တကျမဟုတ်သော မြင်ရကြားရသမျှကို လျှင်မြန်စွာ မှတ်သားနိုင်ရန်အတွက် စောင့်ကြပ်ကြည့်ရှုသူသည် စောင့်ကြပ်ကြည့်ရှုသူလမ်းညွှန်ကို ကောင်းစွာလေ့လာထားရန် လိုပါသည်။ စောင့်ကြပ်ကြည့်ရှုသူသည် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေစဉ်အတွင်း မြင်ရကြားရသည်များကို စိတ်တွင်မှတ်သားထားပြီး နောက်မှသာ စာရွက်ပေါ်တွင် အမှတ်ပေးခြင်းမျိုးလည်း ရှိပါသည်။ ကျွမ်းကျင်သော စောင့်ကြပ်ကြည့်ရှုသူသည် ကျန်းမာရေး စောင့်ရှောက်မှုပေးပြီးမှသာ စာရွက်တွင်အမှတ်ပေးခြင်းနည်းစနစ်ကို အသုံးပြုလေ့ရှိပါသည်။ ဤသို့ ပြုလုပ်ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူအပေါ် စိတ်ဖိအားလျော့နည်းစေပါသည်။ စောင့်ကြပ်ကြည့်ရှုသူသည် သင့်တင့်လျောက်ပတ်စွာ ဝတ်စားဆင်ယင်၍ ချိုသာသောအပြုံးဖြင့် မြင်ရကြားရသမျှကို တိတ်ဆိတ်စွာ မှတ်သားရပါမည်။ တစ်ခါတရံ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူအပေါ် အန္တရာယ်ဖြစ်စေနိုင်မည့် လုပ်ဆောင်မှုမျိုးကို ပြုတတ်ပါသည် (ဥပမာ-စမ်းသပ်စစ်ဆေးခြင်း၊ သားအိမ်တွင်းပစ္စည်းထည့်ခြင်းနှင့် ဆေးထိုးခြင်းတို့ကို လုပ်ဆောင်ရာ၌ မသန့်ရှင်းသောကိရိယာများကို အသုံးပြုခြင်း)။ ထိုအခါမျိုးတွင် စောင့်ကြပ်ကြည့်ရှုသူသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို သိက္ခာမကျစေဘဲ လိမ္မာပါးနပ်စွာ ဝင်ရောက်တားမြစ်နိုင်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအပြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူအား စောင့်ကြပ်ကြည့်ရှုခြင်းကို ခွင့်ပြုပေးခြင်းဖြင့် မိမိတို့၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တိုးတက်လာအောင် ကူညီသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောရပါမည်။

ထင်မြင်ချက်ပေးခြင်း

စောင့်ကြပ်ကြည့်ရှုသူသည် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအား ဆိတ်ငြိမ်စွာ စောင့်ကြပ်ကြည့်ရှုရပါမည်။ ဝင်ရောက်ထင်မြင်ချက်ပေးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူအား စိတ်ရှုပ်ခြင်း၊ စိတ်မသက်မသာဖြစ်ခြင်းတို့ ဖြစ်စေပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသူအားလည်း သိက္ခာကျစေပါသည်။ ယေဘုယျအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပြီးဆုံး၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ မရှိတော့သည့်အချိန်မှသာ စောင့်ကြပ်ကြည့်ရှုသူနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူအကြား ပွင့်ပွင့်လင်းလင်းပြောဆိုသင့်ပါသည်။ မှားယွင်းလုပ်ဆောင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူအား အန္တရာယ်ဖြစ်စေနိုင်ခြင်း စသည့်ကိစ္စမျိုးတွင်သာ ဝင်ရောက်ပြောဆို ထင်မြင်ချက်ပေးခြင်း ပြုသင့်ပါသည်။

၄။ ကျန်းမာရေးဌာနမှ ဝန်ထမ်းအားလုံးနှင့် အရည်အသွေး တိုးတက်ကောင်းမွန်ရေး အစည်းအဝေး ပြုလုပ်ပါ။

ဝန်ထမ်းအားလုံး အစည်းအဝေးတက်ရောက်ရန် အရေးကြီးသည်။ ထို့ပြင် ရပ်ရွာခေါင်းဆောင်၊ ရပ်ရွာလူထုတို့တွင်လည်း ဝင်ရောက်ဆွေးနွေးစရာများ ရှိနေနိုင်သည့်အတွက် ၎င်းတို့အား ဖိတ်ကြားသင့်ပါသည်။ ဆယ်ကျော်သက်လူငယ်များ သည်လည်း ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်၍ ၎င်းတို့၏ ထင်မြင်ချက်များ၊ အကြံဉာဏ်များ ပေးနိုင်သည့်အတွက် ရပ်ရွာရှိ လူငယ်များအားလည်း ဖိတ်ကြားသင့်ပါသည်။

အစည်းအဝေးမစမီ-

ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများအား တွေ့ဆုံမေးမြန်းခြင်း၏ ပျမ်းမျှရလဒ်များကိုတွက်ချက်ပြီး ယမန်နှစ်ရလဒ်များနှင့် နှိုင်းယှဉ်ကြည့်ရှုနိုင်ရန် ဂရပ်ပုံများဖြင့် ပြင်ဆင်ပါ။

- တစ်လအတွင်း ၁၀-၂၄နှစ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူဦးရေ
- တစ်လအတွင်း ၁၀-၁၄နှစ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူဦးရေ
- တစ်လအတွင်း ၁၅-၁၉နှစ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူဦးရေ
- တစ်လအတွင်း ၂၀-၂၄နှစ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူဦးရေ
- တစ်လအတွင်း ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ လူငယ်ဦးရေ (ဝင်ငွေအုပ်စုအလိုက်)
- တစ်လအတွင်း ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ လူငယ်ဦးရေ (လူမှုအဆင့်အတန်းအလိုက်) တို့ကိုတွက်ချက်ထားပါ။

အစည်းအဝေးတွင်

အစည်းအဝေးပထမအပိုင်းမှာ ပြဿနာကို ရှာဖွေရန်ဖြစ်သည်။ ဤအပိုင်းတွင် မေးခွန်းများကို တတ်နိုင်သမျှ အကောင်းဆုံးဖြေဆိုရန်ဖြစ်သည် ။ အဖြေသည် "မဟုတ်။ မရှိ" ဟု အဖြေရလျှင် သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်း သို့မဟုတ် စောင့်ကြပ်ကြည့်ရှုခြင်း၏ ပျမ်းမျှရမှတ်သည် ၄ အောက် ဖြစ်လျှင် ဆယ်ကျော်သက်နှင့်လူငယ် ကျန်းမာရေးစောင့်ရှောက်မှု၏ အားနည်းချက်အဖြစ် သတ်မှတ်သည်။ လုပ်ငန်းအစီအစဉ်ဇယား၏ ပထမကော်လံတွင် ထိုအားနည်းချက်များကို ဖြည့်ပါ။ မေးခွန်းများ အားလုံး ဆက်လက်ဖြေဆိုပြီးလျှင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအရည်အသွေးနှင့် ပတ်သက်၍ အတွေးအမြင်ကောင်းများ ရရှိလာမည့်အပြင် လုပ်ငန်းအစီအစဉ်၏ ပထမကော်လံကိုလည်း ဖြည့်စွက်ပြီးဖြစ်လိမ့်မည်။

အစည်းအဝေးဒုတိယပိုင်းမှာ လုပ်ငန်းအစီအစဉ်ဖြစ်သည်။ "မဟုတ်" "မရှိ" ဟုအဖြေရသော သို့မဟုတ် တွေ့ဆုံမေးမြန်းခြင်း သို့မဟုတ် စောင့်ကြပ်ကြည့်ရှုခြင်း၏ ပျမ်းမျှရမှတ်သည် ၄ အောက် ဖြစ်သော အားနည်းချက်များအား မည်သို့ တိုးတက်အောင် ဆောင်ရွက်ရမည်ကို ဝန်ထမ်းများနှင့် မေးမြန်းဆွေးနွေးပါ။

ဦးစားပေးအစီအစဉ်ကို ဦးစွာချမှတ်ပါ။

ပြဿနာများစွာရှိနေပါက ဦးစားပေးအစီအစဉ်ချမှတ်ပါ။

- မိမိတွင်ရှိသောအရင်းအမြစ်များအသုံးပြု၍ဖြေရှင်းနိုင်သော ပြဿနာများ
- ကျန်းမာရေးစောင့်ရှောက်မှုခံယူသူအပေါ် အကျိုးသက်ရောက်မှုရှိနေသော ပြဿနာများ
- ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ၏ လုံခြုံမှုကိုထိခိုက်နေသော ပြဿနာများကို ဦးစားပေး ဖြေရှင်းပါ။

ထို့နောက် ပြဿနာများ ဖြစ်ပွားရခြင်းအကြောင်းရင်းများကို ဖော်ထုတ်ရန်ကြိုးစားပါ။ ရိုးရှင်းသော ပြဿနာများအတွက် ဝိုင်းဝန်းစဉ်းစားအဖြေရှာပါ။ ရှုပ်ထွေးသော ပြဿနာများအတွက် အကြောင်းရင်းများကို အပိုင်းခွဲ၍အဖြေရှာပါ။

အကောင်းဆုံးမှာ ပြဿနာများကို ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများ၏အမြင်ကို အခြေခံပြီး စဉ်းစားပါ။ ပြဿနာသည် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများအပေါ် မည်သို့ရိုက်ခတ်နေသည်ကို ဖော်ပြပါ။ ဤနည်းဖြင့် ဖြစ်နိုင်ချေရှိသော အကြောင်းရင်းများအားလုံးကို ဖော်ထုတ်နိုင်ပြီး မိမိတို့ လုပ်ငန်း၏နောက်ဆုံး ရလဒ်ဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန် လာရန် အလေးပေးနိုင်မည်ဖြစ်သည်။

ပြဿနာအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အများသဘောတူရန်လိုအပ်သည်။ ပြဿနာသည် ဘယ်အရာလဲ၊ ဘယ်မှာလဲ၊ ဘယ်လောက်အတိုင်းအတာထိလဲ၊ ဘယ်အချိန်တုန်းကလဲ စသည်တို့ ပါဝင်ရမည်။ နိုင်မာသောအချက်အလက်ကို အသုံးပြုပါ။ ပြဿနာကို စာရွက်ကြီးပေါ်တွင် မြင်သာအောင် ချရေးပါ။ ဥပမာ- နောက်ဆုံး ၃ လပတ်အတွင်း ၁၉-၂၄နှစ် ကြား အိမ်ထောင်မရှိသော အမျိုးသမီးများ ဆေးခန်းသို့လာရောက်မှု အလွန်နည်းပါးသည့် ပြဿနာဖြစ်နိုင်ချေရှိသော အကြောင်းရင်းများကို အပိုင်းများခွဲပါ။

- ဝန်ထမ်းနှင့်ပတ်သက်သောအကြောင်းများ
- မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများ၊ အလေ့အကျင့်များ
- ပစ္စည်း၊ ကိရိယာ၊ ပံ့ပိုးမှု
- ကျန်းမာရေးစောင့်ရှောက်မှုခံယူသူနှင့် ပတ်သက်သောအကြောင်းများ

အပိုင်းခွဲရာတွင် လုံးဝပြည့်စုံမှန်ကန်သောခွဲခြားခြင်း ရှိမည်မဟုတ်ပါ။ ပြဿနာနှင့် ဆီလျော်အောင် ခွဲရန်ဖြစ်ပါသည်။ (အထက်ပါအပိုင်း၄ ခုသည် ပြဿနာအများစုအတွက် ဆီလျော်နိုင်ပါသည်)

အပိုင်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ် ပတ်သက်နေကြသည်ကို သတိပြုပါ။ အချို့အကြောင်းရင်းများသည် အပိုင်းတစ်ပိုင်းထက်ပို၍ ဆက်စပ်ပါဝင်နိုင်သည်။

ဖြစ်နိုင်ချေရှိသော အကြောင်းရင်းများကို ဝိုင်းဝန်းစဉ်းစား၍ စာရွက်ကြီး၏ ဘယ်ဘက်ခြမ်းတွင် ချရေးပါ။ အချို့အကြောင်းရင်းများသည် အပိုင်းတစ်ပိုင်းထက်ပို၍ ပါဝင်နိုင်သည်။ ထိုသို့ဖြစ်လျှင် ထိုအကြောင်းရင်းကို အခြားပိုင်းတွင်ပါထည့်ပါ။ စဉ်းစားထုတ်ဖော်မှုနှေးနေလျှင် အပိုင်းကြီးများ ခွဲခြားခြင်းဖြင့် လမ်းကြောင်းပေးပါ(ဥပမာ-ဘယ်မူဝါဒ စည်းမျဉ်းတွေက ဒီပြဿနာကိုဖြစ်စေတာလဲ)။ အကြောင်းရင်းတိုင်းအတွက် "ဘာကြောင့်လဲ" ဟုမေးပါ။ "ဘာကြောင့်လဲ" အတွက် အဖြေများကို စာရွက်ကြီး၏ ညာဘက်ခြမ်းတွင်ရေးပါ။ ဤနည်းဖြင့် ပြဿနာများ ဖြစ်ပွားရခြင်းအကြောင်းရင်းများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ မိမိတို့အဆင့် သို့မဟုတ် အမြင့်ဆုံးအနေဖြင့် မိမိတို့၏ကြီးကြပ်သူအဆင့်မှ ကိုင်တွယ်ဖြေရှင်းနိုင်သော ပြဿာများကိုသာအာရုံစိုက်ပါ။ မိမိထက် ရာထူးအဆင့်များစွာမြင့်သောသူများသာ ကိုင်တွယ်နိုင်သောကိစ္စများ (ဥပမာ-လစာ) ကို မိမိတို့ မည်သို့မျှ တတ်နိုင်မည် မဟုတ်ပေ။

အောက်ပါအခြေအနေ တစ်ခုခုကို မရောက်မချင်း "ဘာကြောင့်လဲ" ဟု မေးခွန်းဆက်မေးပါ။

- ပြဿနာ၏အဖြေကို ထင်ထင်ရှားရှားမြင်လာခြင်း
- ပြင်ပမှသာ ကိုင်တွယ်ဖြေရှင်းနိုင်သောအကြောင်းရင်းဖြစ်ခြင်း
- အခြားအကြောင်းရင်းစု ထဲတွင် ပါဝင်နေခြင်း

အကြောင်းရင်းများနှင့် ၄င်းတို့၏နောက်ကွယ်မှ အကြောင်းရင်းများနှင့်ပတ်သက်၍ လူအားလုံး၏ ထင်မြင်ယူဆချက်များကို စုစည်းပြီး အစီအစဉ်တကျပြုလုပ်ပါ။ အပိုင်းတစ်ပိုင်း သို့မဟုတ် အပိုင်းများထဲတွင် တစ်ကြိမ်ထက်ပို၍တွေ့ရသော အကြောင်းရင်းများကို ညာဘက်ကော်လံအောက်တွင် ရှာဖွေပါ။

အကြောင်းရင်းတစ်ခုချင်းစီအတွက် ဖြေရှင်းရန်နည်းလမ်းများကို အချိန်၊ ငွေကြေးနှင့် လုပ်ပိုင်ခွင့် ရှုထောင့်များမှ လုပ်ငန်းများကို ဆွေးနွေးရန်လိုအပ်သည်။ (ဥပမာ-လစာကိစ္စအရေးဆိုရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လူတစ်ဦးအားစေလွှတ်ခြင်းမျိုး မပြုလုပ်ပါနှင့်)

နောက်တစ်ဆင့်မှာဖြေရှင်းရန်နည်းလမ်းအတွက်မည်သူကတာဝန်ယူဆောင်ရွက်မည်ကိုမေးမြန်းရန် ဖြစ်သည်။ ပုံမှန်အားဖြင့် ဆွေးနွေးမှုများအပြီးတွင် တာဝန်ယူဆောင်ရွက်ရမည့်ပုဂ္ဂိုလ်အဖြစ်ဆေးခန်း ဝန်ထမ်းတစ်ဦးဦးအား သတ်မှတ်ပြီးဖြစ်နေတတ်သည်။ သို့ရာတွင် တာဝန်ယူဆောင်ရွက်ရမည့် ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံရသူသည် ဆေးခန်းပြင်ပမှပုဂ္ဂိုလ် (ဥပမာ-ကြီးကြပ်ရေးမှူး၊ မန်နေဂျာ၊ ညွှန်ကြားရေးမှူး) ဖြစ်နေပါက ယင်းပုဂ္ဂိုလ်နှင့်ဆက်သွယ်၍ သတိပေးပြောကြား ဆောင်ရွက်စေရန် ဆေးခန်းတွင်းမှ ဝန်ထမ်းတစ်ဦးဦးကို တာဝန်ပေးရပါမည်။ ဖြေရှင်းရန်နည်းလမ်းတစ်ခုစီအတွက် ဝန်ထမ်းတစ်ဦးစီကို တာဝန်ပေး၍ ၄င်း၏အမည်အား ၄င်းလုပ်ဆောင်ရမည့်လုပ်ဆောင်ချက်နှင့် အတူ လုပ်ငန်းအစီအစဉ်တွင် ဖြည့်သွင်းပါ။ တာဝန်များအားလုံးသည် လူတစ်ဦးတစ်ယောက်တည်း အပေါ်တွင်သာ ကျရောက်မနေစေရန် သတိပြုပါ။

နောက်ဆုံးတွင် တာဝန်ယူရမည့်ဝန်ထမ်းအသီးသီးအား ၄င်းတို့၏ လုပ်ဆောင်ချက်များအတွက် သင့်တော်သော အချိန်ကာလတစ်ခု သတ်မှတ်စေပြီး ယင်းအချိန်သတ်မှတ်ချက်အတိုင်း ပြီးစီးအောင် ဆောင်ရွက်ပါစေ။ သတ်မှတ်သောအချိန်သည် ရှည်လျားနေပါက (ဥပမာ- ၂ လထက်ပို) ၄င်းလုပ်ဆောင်ရမည့် လုပ်ဆောင်ချက်သည် ရှုပ်ထွေးကြီးမားမှုရှိမရှိ စဉ်းစားပါ။ အပိုင်းလိုက်ခွဲလုပ်စေခြင်း၊ တာဝန်ခွဲဝေယူစေခြင်းတို့ကို စဉ်းစားပါ။

အစည်းအဝေးတွင် နောက်ဆုံးလုပ်ဆောင်ရန်မှာ နောက်တစ်ကြိမ် အစည်းအဝေးကျင်းပမည့် နေ့ရက် သတ်မှတ်ရန်ဖြစ်သည်။